မြကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်၊ ကြာသပတေးနေ့ (28-7-2011) (မ ၈၁၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး ☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှု နိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂွမြို့ အောင်မင်္ဂလာခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင် များအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားစဉ်။

(သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အလေးအနက်ထား လုပ်ဆောင်နေ အစိုးရချည်းမအောင်မြင်နိုင်ဘဲ ပြည်သူများပါဝင်ကူညီမှ တစ်နိုင်ငံလုံး ထိထိရောက်ရောက် လုပ်နိုင်မည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုမရှိလျှင် ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးမည်ကို အားလုံးသိရှိလက်ခံထားရန်လို

နေပြည်တော် ဇူလိုင် ၂၇

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ စစ်ဦးစီးအရာရှိချုပ်(လေ)နှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာပြီး နံနက် ၈ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့သို့ ရောက်ရှိကြသည်။

> ✦ မြစ်ရေလုံ့မှုများတွင် ဆည်နှင့်တာတမံများ ခိုင်ခံ့မှုသည် အရေးကြီး၍ အလေးထားဆောင်ရွက်သွားရန်လို။
>
> ✦ နိုင်ငံတော်အနေဖြင့် ဆည်တာတမံများ၏ ကြိုတင်ကာကွယ်မှုနှင့် သတိပေးမှုများအပေါ် မျက်ခြည်မပြတ်ကြည့်ရှုနေ။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဟင်္သာတမြို့မှ ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဟင်္သာတမြို့ မြို့တော်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ရေဘေးသင့်ပြည်သူများအား တွေ့ဆုံသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က ဧရာဝတီတိုင်းဒေသကြီးအတွင်း ဇူလိုင် ၁၉ ရက်မှ ၂၅ ရက်အထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် အင်္ဂပူ၊ လေးမျက်နှာ၊ ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်းနှင့် ကျုံပျော် မြို့နယ်များတွင် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့မှု၊ ယခုအခါ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးစခန်းများမှ ၎င်းတို့၏ နေအိမ်များသို့ ပြန်လည်ပို့ဆောင် နေရာချထားပေးမှု၊ လယ်မြေနှင့် နေအိမ်အဆောက်အအုံ ပျက်စီးဆုံးရှုံးမှုနှင့် ပြန်လည်ကယ်ဆယ်ရေးဆောင်ရွက်မှု၊ ခရိုင်အလိုက် မိုးရွာသွန်းမှု အခြေအနေ၊ ရေကြီးနစ်မြုပ်သည့် **စာမျက်နှာ ၄ ကော်လံ ၁ သို့** ❖

၂၈- ၇ -၂၀၁၁
(ကြာသပတေးနေ့)

အခက်အခဲများကျော်လွှားနိုင်ရေး ကြိုတင်ပြင်ဆင်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဇူလိုင် ၂၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ဗုဒ္ဓအသံမွေ့ဗိမာန်သို့ သွားရောက်ပြီး အရေးပေါ်ရေဘေးယာယီကယ်ဆယ်ရေးစခန်းအတွင်း ယာယီခိုလှုံလျက်ရှိကြသော ရေဘေးသင့်ပြည်သူများအား နှုတ်ဆက်အားပေးစကားပြောကြားသည်။

နိုင်ငံတော်သမ္မတက ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားရာတွင် **"ရေဘေးသင့်ပြည်သူများသည် နေရေးထိုင်ရေး ချို့ငဲ့ကြသည့် လက်လုပ်လက်စားများဖြစ်၍ လာရောက်ခိုလှုံကြခြင်းဖြစ်ကြောင်း၊ လက်ရှိအဆင်ပြေရုံနှင့်မပြီးသေးဘဲ ရေကျ၍ ၎င်းတို့နေအိမ်များသို့ ပြန်သွားသည့်အခါ စားရေး အဆင်ပြေမှုရှိစေရေးအတွက် ဆန်၊ ဆီ၊ ဆားနှင့် အသုံးအဆောင်များကို ဖြည့်ဆည်းပေးရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအမံများချမှတ်ရာတွင် ကျေးလက်ဒေသသာမက မြို့ပေါ်ရပ်ကွက်နေလက်လုပ်လက်စားများအတွက်ပါ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း"** ပြောကြားသည်။

ယခုနှစ် မိုးရာသီ၌ မုတ်သုံမိုးရွာသွန်းမှု မိုးရေချိန်များပြားလျက်ရှိရာ ဒေသအချို့၌ ရေကြီးမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ယင်းဒေသများတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့လည်း အပါအဝင်ဖြစ်သည်။ ပဲခူးမြို့နယ်အတွင်း မြစ်ရေများဝင်ရောက်ခဲ့ရာ ရပ်ကွက်အလိုက် အရေးပေါ်ရေဘေးယာယီကယ်ဆယ်ရေးစခန်း ၁၈ခု ဖွင့်လှစ်ထားရှိသည်။ ရေဘေးသင့်ပြည်သူများသို့ အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးလျက်ရှိသည်။

ရေဘေးသင့်ပြည်သူများ ကြောင့်ကြမှုမရှိစေရေး၊ နေရေးအတွက် လုံလုံခြုံခြုံနေနိုင်ရေး၊ နေထိုင်မကောင်းဖြစ်ပါက ဆေးဝါးကုသမှု ခံယူနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။ ရေနစ်မြုပ်သောကျောင်းများ အမြန်ဆုံးဖွင့်လှစ်နိုင်ရေး၊ ကျောင်းသား၊ ကျောင်းသူများအတွက် လိုအပ်သော စာရေးကိရိယာများ ပညာရေးဝန်ကြီးဌာနက ထိုက်သင့်သလို ကူညီနိုင်ရေး စာရင်းများ ပြုစုကြရပေမည်။ ထို့အတူ ရေကျသွားသော ရပ်ကွက်များအတွင်း ရောဂါဘယမဖြစ်ပွားစေရန် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ဆေးဖျန်းခြင်းလုပ်ငန်းများကို လူမှုရေးအသင်းအဖွဲ့များက လိုက်လံကြည့်ရှု ကူညီကြရမည်ဖြစ်သည်။ လယ်ယာကဏ္ဍတွင် လိုအပ်ချက်များရှိပါက ဖြည့်ဆည်းပေးရန်လည်း လိုအပ်မည်ဖြစ်သည်။

တောင်သူလယ်သမားများနှင့် အလုပ်သမားများသည် တိုင်းပြည်၏ အခြေခံလူတန်းစားများဖြစ်သည်။ နိုင်ငံတော်က အခြေခံလူတန်းစားများ၏ လူနေမှုဘဝမြင့်မားလာအောင် ဖော်ဆောင်ပေးလျက်ရှိသည်။ ကျေးလက်ဒေသသာမက မြို့ပေါ်ရပ်ကွက်နေ လက်လုပ်လက်စားများအတွက်ပါ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးသွားကြရမည်ဖြစ်သည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် သဘာဝဘေးအန္တရာယ်များ ကျရောက်နိုင်သည်။ သဘာဝဘေးအန္တရာယ်ကို တားဆီး၍မရသော်လည်း တွေ့ကြုံလာရသည့် အခက်အခဲများကို ကျော်လွှားနိုင်ရေး နည်းလမ်းများရှာဖွေ၍ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရပေမည်။ မည်သို့သော အတားအဆီး အခက်အခဲများနှင့် ရင်ဆိုင်ရသည်ဖြစ်စေ နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့၏ စည်းလုံးညီညွတ်သော ဖွဲ့၊ လုံ့လ၊ ဝီရိယစွမ်းအားဖြင့် တွေ့ကြုံလာသမျှ အခက်အခဲများကို ကျော်လွှားသွားနိုင်မည်သာ ဖြစ်ပေသည်။ ။

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၇-၇-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၇၂၄၅	၀. ၀၃၃၆၄
တရုတ် (ယွမ်)	၆. ၄၄၄၁၀	၀. ၁၅၅၁၈
အိန္ဒိယ (ရူပီး)	၄၄. ၀၈၅၀	၀. ၀၂၂၆၈
မလေးရှား (ရင်းဂစ်)	၂. ၉၄၃၀၀	၀. ၃၃၉၇၉
စင်ကာပူ (ဒေါ်လာ)	၁. ၂၀၁၂၃	၀. ၈၃၂၄၈
ဂျပန် (ယန်း)	၇၇. ၈၀၆၇	၀. ၀၁၂၈၅
တောင်ကိုရီးယား(ဝမ်)	၁၀၄၉. ၆၀	၀. ၀၀၀၉၅
ယူရို	၀. ၆၉၁၈၃	၁. ၄၄၅၄၃
ဗြိတိသျှ (ပေါင်)	၀. ၆၁၀၆၄	၁. ၆၃၇၆၂

အင်တာနက်။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်း အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၇

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းအား ကိုရီးယားသမ္မတနိုင်ငံ Ministry of Land, Transport and Maritime Affairs မှ Deputy Minister Mr. Chung, Nae-sam နှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်၊ ဝန်ကြီးဌာနရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းအား ကိုရီးယားသမ္မတနိုင်ငံ Ministry of Land, Transport and Maritime Affairs မှ Deputy Minister Mr. Chung, Nae-sam နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသ အနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက် မန်နေဂျာများအစည်းအဝေး ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၂၇

မြန်မာနိုင်ငံသည် အနာကြီးရောဂါဖြစ်ပွားမှုနှုန်းများသော နိုင်ငံတစ်ခုဖြစ်ခဲ့ပြီး အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို ၁၉၅၂ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်မှစ၍ WHO-MDT ဆေးဝါးဖြင့် ကုသမှုလုပ်ငန်းများကို အနာကြီးရောဂါဖြစ်ပွားမှုနှုန်းများသော ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ဧရာဝတီနှင့် ပဲခူးတိုင်းဒေသကြီး ခြောက်ခုတို့တွင် စတင်ခဲ့ပြီး အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် ပေါင်းစည်းဆောင်ရွက်မှုကို ၁၉၉၁ ခုနှစ်တွင် စတင်ခဲ့ရာ တစ်နိုင်ငံလုံးအနေဖြင့် MDT လွှမ်းခြုံမှုကို ၁၉၉၅ ခုနှစ်တွင် ရရှိခဲ့ကြောင်း။

မြန်မာနိုင်ငံသည် အနာကြီးရောဂါကင်းဝေးရေးဖြစ်သည့် လူ ၁၀၀၀၀ တွင် တစ်ဦး မှတ်ပုံတင် အနာကြီးရောဂါလူနာ အောက်လျော့ကျ၍ ရည်မှန်းချက်ကို ၂၀၀၃ ခုနှစ် ဇန်နဝါရီလကုန်တွင် ရရှိခဲ့ကြောင်း၊ သို့သော်လည်း နှစ်စဉ် အနာကြီးရောဂါလူနာသစ်ပေါင်း ၃၅၀၀ ခန့် ရှိနေသေးကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် အနာကြီးရောဂါလူနာသစ်ပေါင်း ၂၉၅၀အား ရှာဖွေဖော်ထုတ် ကုသပေးနိုင်ခဲ့ကြောင်း။

၎င်းအစည်းအဝေးတွင် အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းဆိုင်ရာ အခက်အခဲများ၊ စိန်ခေါ်မှုများကို ဖြေရှင်းကျော်လွှားနိုင်မည့် ထိရောက်သော နည်းလမ်းများကို ဆွေးနွေးညှိနှိုင်းဖော်ထုတ်နိုင်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသ အနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက် မန်နေဂျာများ အစည်းအဝေး (Regional Meeting of National Leprosy Programme Managers) ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးက ပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဂျီနီဗာရုံးချုပ်မှ ကိုယ်စားလှယ်များနှင့် အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. H.S.B. Tanakoon နှင့်အဖွဲ့ဝင်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မော်လဒိုက်၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာ၊ ထိုင်းနှင့် တီမောလက်စ်တေနိုင်ငံများမှ အနာကြီးရောဂါတိုက်ဖျက်ရေး စီမံချက်မန်နေဂျာများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Pliambangchang က အမှာစကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ညွှန်ကြားရေးမှူးချုပ်နှင့် ဧည့်သည်တော်များသည် အနာကြီးရောဂါတိုက်ဖျက်ရေးနှင့် ကိုယ်အင်္ဂါချို့ယွင်းမှုကာကွယ်ရေးလုပ်ငန်းဆိုင်ရာ ပြခန်းကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသ အနာကြီးရောဂါ တိုက်ဖျက်ရေး စီမံချက်မန်နေဂျာများ အစည်းအဝေးကို တကောင်းခန်းမနှင့် ကုန်းဘောင်ခန်းမတို့၌ ယနေ့မှစ၍ ဇူလိုင် ၂၉ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသ အနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက် မန်နေဂျာများအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရေစကြိုစည်ပင်သန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၇

ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အမှတ်(၇)ရပ်ကွက် ဆက်သွယ်ရေးရုံး လမ်းဘေး ဝဲ၊ ယာ၌ ဇူလိုင်၂ ရက်တွင် သန့်ရှင်းရေးဆောင်ရွက်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အမှုဆောင်အရာရှိတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ရောသစ္စာ ယာဉ်လိုင်းသစ် ပြေးဆွဲမည်

နေပြည်တော် ဇူလိုင် ၂၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြန်အောင်အခြေပြု ရောသစ္စာခရီးသည်ပို့ဆောင်ရေးယာဉ်အသင်းက ခရီးသည်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရန်ကုန်-ပြည်-ကြံခင်း-မြန်အောင်ခရီးစဉ်ကို ဇူလိုင် ၃၀ ရက်မှ စတင်ပြေးဆွဲသွားမည်ဖြစ်သည်။

အဆိုပါ ရောသစ္စာခရီးသည်ပို့ဆောင်ရေးယာဉ်အသင်းမှ ခေတ်မီအဆင့်မြင့်လေအိတ်ကားများဖြင့် ရန်ကုန်မှ နံနက် ၇ နာရီ၊ ည ၇ နာရီနှင့် ည ၈ နာရီခွဲများတွင်လည်းကောင်း၊ မြန်အောင်မှ နံနက် ၇ နာရီ၊ ည ၇ နာရီနှင့် ည ၈ နာရီခွဲတွင်လည်းကောင်း တစ်နေ့သုံးကြိမ် ပြေးဆွဲသွားမည်ဖြစ်ပြီး လက်မှတ်ဈေးနှုန်းများအနေဖြင့် ရန်ကုန်မှ မြန်အောင်သို့ ငွေကျပ် ၅၃၀၀၊ ရန်ကုန်မှ ပြည်သို့ ငွေကျပ် ၄၀၀၀နှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး အထူးအစီအစဉ်အနေဖြင့် (၁၀) ကြိမ် စီးလျှင် တစ်ကြိမ် အခမဲ့ စီးနင်းခွင့်ပြုမည် ဖြစ်သည်။

ကားလက်မှတ်များကို ရန်ကုန်မြို့ရှိ လက်မှတ်အရောင်းဌာနများတွင် ဝယ်ယူရရှိနိုင်ပြီး ရန်ကုန် ဖုန်း-၀၉-၄၃၀၈၃၀၀၀၊ ပြည် ဖုန်း-၀၉-၄၉၇၀၃၃၈၆၊ ကြံခင်း ဖုန်း-၀၄၄-၄၀၅၈၆၊ ၀၉-၄၉၂၄၂၁၆၁၊ မြန်အောင် ဖုန်း-၀၄၄-၅၀၂၉၀နှင့် ၀၉-၄၉၇၂၄၄၈၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

ပဲခူးမြို့ပေါ်ရှိ ရပ်ကွက်များ၌ ရေပြန်လည်ကျသွားပြီး နေအိမ်များသို့ ပြန်လည်နေထိုင်ကြမည့်သူများအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် အားပေး

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၂၇

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ ဟသ်ာကုန်းရပ်ကွက်၌ ကျင်းပသည့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ GSM တာဝါတိုင် ပန္နက်တင်အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပဲခူးတိုင်းဒေသကြီး မန်နေဂျာက ဒေသအတွင်း တာဝါတိုင်များ စိုက်ထူထားမှု၊ တယ်လီဖုန်းဆက်သွယ်မှုကွန်ရက်များ တိုးချဲ့ရန်နှင့် သုံးစွဲမှုသိပ်သည်းဆ မြင့်မားတိုးတက်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး Elite Tech Group of Companies မှ စီမံကိန်းဒါရိုက်တာက ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပန္နက်တိုင်စိုက်ထူပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့ပေါ်ရှိ ကျောက်ကြီးစုရပ်ကွက်၊ ကလျာဏီရပ်ကွက်၊ ကျွန်းသာယာရပ်ကွက်နှင့် ဖောင်တော်ဦးရပ်ကွက်များ၌ ရေပြန်လည်ကျသွားပြီးဖြစ်၍ မိမိတို့နေအိမ်များသို့ ပြန်လည်နေထိုင်ကြမည့်သူများအား အားပေးကာ စားနပ်ရိက္ခာ အပြည့်အစုံနှင့် အဝတ်အထည်များ ဝေငှပေးရန်၊ ရေကျသွားသော ရပ်ကွက်များအား သန့်ရှင်းရေးပြုလုပ်ပြီး ကျန်းမာရေးအတွက် ရေတွင်း၊ ရေကန်များကို ရေသန့်ဆေးများ ခတ်ပေးရန်တို့ကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

(သတင်းစဉ်)

မင်္ဂလာတောင်ညွန့် မြို့နယ် အထက(၃)၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသောကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို ဇွန် ၂၁ ရက်နံနက်ပိုင်းကမင်္ဂလာတောင်ညွန့် မြို့နယ် အထက(၃)၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်စိုးစိုးမေနှင့် ဆရာမများအား ပူဇော်ကန်တော့ကြစဉ်။ (ကြေးမုံ)

မြန်မာ - အီရန် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ထိုင်းနိုင်ငံအခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာမာဂျစ်ဘိစ်မာ့ခ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်း၌ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၈-၇-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၃	၁။	နိုင်ငံတော်သီချင်း
၇း၀၅	၂။	တရားတော်
၇း၂၀	၃။	ဓမ္မပူဇာတေး
၇း၃၅	၄။	မျိုးချစ်တပ်မတော်
၇း၄၀	၅။	မြန်မာ့ရှုခင်း
၇း၄၅	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၂	၁။	နိုင်ငံတော်သီချင်း
၄း၀၃	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၁၅	၄။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၂၅	၅။	ဗွီစီဒီကျော်ကြားတေး
၄း၃၅	၆။	လျှပ်တစ်ပြက်
၄း၅၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၀၀	၈။	သန့်စွာကိုင်လေစက္ကူငွေ
၅း၁၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၀။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၈၆)**
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၃။	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅	၁၄။	ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း-၄၃)
၇း၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၃၃)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	ဒို့တာဝန်အရေး(၃)ပါး
	၁၉။	နိုင်ငံတကာသတင်း
	၂၀။	မိုးလေဝသသတင်း
	၂၁။	အနုပညာရှင်၏တစ်နေ့တာ
	၂၂။	ကုန်သွယ်သုတ
	၂၃။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ (အပိုင်း-၃၆)**
	၂၅။	ဂီတရင်ခုန်သံ

နိုင်ငံတကာသတင်းများ

အိန္ဒိယနှင့် ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးများ မြို့တော်နယူးဒေလီ၌ တွေ့ဆုံဆွေးနွေး

နယူးဒေလီ ဇူလိုင် ၂၇

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးများသည် ဇူလိုင် ၂၇ရက်က မြို့တော်နယူးဒေလီ၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း၊ နှစ်နိုင်ငံငြိမ်းချမ်းရေးဆွေးနွေးပွဲကို ပြန်လည်ကျင်းပနိုင်ရန် အခန်းကဏ္ဍသစ်ဖွင့်လှစ်နိုင်ပြီး နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း အိန္ဒိယသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ ၂၀၀၈ခုနှစ်က အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီးနောက် ဆိုင်းငံ့သွားခဲ့ရသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြန်လည်ဖော်ဆောင်နိုင်ရန် ယခုဆွေးနွေးပွဲက အထောက်အကူပြုမည်ဟု မျှော်လင့်ရကြောင်း သတင်းဌာနများက ရေးသားဖော်ပြသည်။

နျူကလီးယားလက်နက်များ ပိုင်ဆိုင်ကြသော မိမိတို့ အိမ်နီးချင်းနှစ်နိုင်ငံအကြား ဆက်ဆံရေးပြန်လည်တိုးတက်ကောင်းမွန်ရန် လိုလားကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးသစ် ဟီနာရာဘာနီခါးက ဆွေးနွေးပွဲမစတင်မီ သတင်းထောက်များအား ပြောကြားသည်။

မိမိတို့ နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်တိုးတက်ကောင်းမွန်စေရေးနှင့် တောင်အာရှဒေသ တည်ငြိမ်ရေးတို့အတွက် ကြိုးပမ်းကြရန်မှာ နှစ်နိုင်ငံစလုံးတွင် တာဝန်ရှိကြကြောင်း ၎င်းက ပြောကြားသည်။

အသက် (၃၄)နှစ်ရှိ ခါးသည် ပါကစ္စတန်နိုင်ငံ၏ ပထမဆုံးသော အမျိုးသမီးနိုင်ငံခြားရေးဝန်ကြီးအဖြစ် လွန်ခဲ့သည့် ရက်သတ္တပတ်က ခန့်အပ်ခံခဲ့ရသည်။

ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးခဲ့သော အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး အက်စ်အမ်ခရစ်ရှနားမှာမူ အသက် (၇၉)နှစ်ရှိပြီဖြစ်သည်။

မိမိတို့နှစ်နိုင်ငံသည် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်သော်လည်း ဆက်ဆံရေး ပြန်လည်တိုးတက်လာမည်ဟု မျှော်လင့်ကြောင်း ခရစ်ရှနားက ပြောကြားသည်။

အိန္ဒိယနှင့် ပါကစ္စတန်တို့အကြား ကက်ရှ်မီးယားအရေးနှင့်ပတ်သက်၍ ငြိမ်းချမ်းသောဖြေရှင်းချက်များရရှိနိုင်ရန် သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သတင်းတွင်ဖော်ပြသည်။ **အင်တာနက်။**

တောင်ကိုရီးယား၌ မိုးသည်းထန် မြေပြိုမှုများကြောင့် ၂၂ဦးသေဆုံး

ဆိုးလ် ဇူလိုင် ၂၇

တောင်ကိုရီးယားနိုင်ငံ၌ ဇူလိုင် ၂၇ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုများနှင့်အတူ မြေပြိုမှုများဖြစ်ပွားခဲ့ရာ ၂၂ဦး သေဆုံးကြောင်း အမျိုးသားအရေးပေါ်လုပ်ငန်းများ စီမံခန့်ခွဲမှုအေဂျင်စီက ပြောကြားသည်။

မြို့တော်ဆိုးလ်အရှေ့ဘက် ကီလိုမီတာ ၁၀၀(မိုင် ၆၀) အကွာ ချွန်ချွန်ဒေသ၌ မြေပြိုမှုဖြစ်ပွားခဲ့ရာ တည်းခိုခန်းတစ်လုံးနှင့် နေအိမ်သုံးလုံး မြေအောက်သို့နစ်မြုပ်ခဲ့ရပြီး ၁၃ဦး သေဆုံးခဲ့ရသည်။

မြို့တော်ဆိုးလ်တောင်ပိုင်း၌လည်း မြေပြိုမှုများဖြစ်ပွားခဲ့ရာ ကိုးဦးသေဆုံးကြောင်း အမျိုးသားအရေးပေါ်လုပ်ငန်းများ စီမံခန့်ခွဲမှုအေဂျင်စီ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြို့တော်ဆိုးလ်၌ ဇူလိုင် ၂၆ရက်နှင့် ၂၇ရက်တို့တွင် နာရီပေါင်း ၄၀အတွင်း ၄၃၃ ဒသမ ၅ မီလီမီတာ (၁၇ ဒသမ ၃၄ လက်မ) အထိ မိုးရွာသွန်းခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ်အများအပြား ရေနစ်မြုပ်ခဲ့ပြီး လူရာပေါင်းများစွာကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင် ၅၀၀ကျော်တို့က ချွန်ချွန်ဒေသ၌ ပျောက်ဆုံးနေသူများကို ရှာဖွေလျက်ရှိသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းများ၊ မြေအောက်ရထားဘူတာရုံများ၊ မြေအောက်စကြံလမ်းများနှင့် လူနေရပ်ကွက်များ၌ ရေလွှမ်းမိုးလျက်ရှိသည်။ **အေအက်ဖ်ပီ။**

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့၌ မြို့တော်ဝန် လုပ်ကြံသတ်ဖြတ်ခံရပြီးနောက် အာဖဂန်တပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်နေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗုံးခွဲတိုက်ခိုက်ခံရမှုကြောင့် ကန်ဒါဟာမြို့တော်ဝန်သေဆုံး ကန်ဒုဇ်ပြည်နယ်၌ နေအိမ်တစ်လုံး ဒုံးကျည်ထိမှန်

ကန်ဒါဟာ ဇူလိုင် ၂၇

အာဖဂန်နစ္စတန်နိုင်ငံ၌ ဗုံးခွဲတိုက်ခိုက်ခံရမှုကြောင့် ကန်ဒါဟာမြို့တော်ဝန်သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးက ဇူလိုင် ၂၇ရက်တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်၏ မြို့တော် ကန်ဒါဟာမြို့ရှိ ဒေသဆိုင်ရာအုပ်ချုပ်ရေးဌာန၌ ဗုံးပေါက်ကွဲခဲ့ရာ မြို့တော်ဝန် ဂူလမ်ဟိုင်ဒါဟာမီဒီ သေဆုံးခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဇာမီအလူဘီက ပြောကြားသည်။

ယင်းဗုံးခွဲတိုက်ခိုက်မှုသည် အသေခံတိုက်ခိုက်သူတစ်ဦး၏ လက်ချက်ဖြစ်ကြောင်း ကန်ဒါဟာပြည်နယ် အုပ်ချုပ်ရေးအဖွဲ့က ထုတ်ပြန်သောသတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ဖောက်ခွဲ

မြို့တော်ဝန် ဟာမီဒီသည် လူအချို့နှင့်တွေ့ဆုံဆွေးနွေးနေချိန်အတွင်း အသေခံဗုံးခွဲသမားက ခေါင်းပေါင်းအတွင်း လျှို့ဝှက်ယူဆောင်လာ သော ဗုံးတစ်လုံးကို ဖောက်ခွဲခဲ့ကြောင်း၊ ပေါက်ကွဲမှုကြောင့် မြို့တော်ဝန် သေဆုံးပြီး လူတစ်ဦး ဒဏ်ရာရရှိကြောင်း သတင်းကြေညာချက်တွင် ဖော်ပြသည်။ ဗုံးပေါက်ကွဲမှုကြောင့် အသေခံ ဗုံးခွဲသူမှာလည်း သေဆုံးခဲ့သည်။

ထိုစဉ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံကန်ဒုဇ်ပြည်နယ် ချာဒါရာခရိုင်ရှိ နေအိမ်တစ်လုံးကို ဒုံးကျည်တစ်လုံး ထိမှန်ခဲ့ရာ ကလေးသုံးဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဇူလိုင် ၂၆ရက် ည၁၀နာရီခန့်တွင် ချာဒါရာခရိုင်ရှိ ကျေးရွာ တစ်ရွာ၌ တာလီဘန်သူပုန်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း၊ နေအိမ်တစ်လုံးကို ဒုံးကျည်တစ်လုံး ထိမှန်ခဲ့သဖြင့် အပြစ်မဲ့ကလေးသုံးဦး သေဆုံးခဲ့ရကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး အိုမာခီက ပြောကြား သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ယခုနှစ် ပထမနှစ်ဝက်ကာလအတွင်း တိုက်ခိုက်မှုများကြောင့် အရပ်သူအရပ်သား ၁၄၆၂ဦး သေဆုံးခဲ့ရသည်။

ဆင်ဟွာ။

သဘာဝဘေးအန္တရာယ်ကြုံတွေ့ပါက ကျော်လွှားနိုင်မည့်နည်းလမ်းများ စဉ်းစားပြီး ကြိုတင်ကာကွယ်မှုများ ဆောင်ရွက် မိုးနှောင်းကာလအတွင်း မြစ်ကမ်းပါးကို ကာကွယ်ထားသည့်တာတမံများ မကျိုးပေါက်စေရန် ဂရုပြုစောင့်ကြပ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ငွေများကို ဟင်္သာတခရိုင် အုပ်ချုပ်ရေးမှူး ဦးလှဝေထံ ပေးအပ်စဉ်။ (သတင်းစဉ်)

❖ **ရွှေဖုံးမှ**

မြို့နယ်များ၏ အိမ်ခြေ၊ အိမ်ထောင်စုနှင့် လူဦးရေ၊ ရေကြီးနစ်မြုပ်သည့် မြို့နယ်များတွင် တိုင်းဒေသကြီးဝန်ကြီးများကို တာဝန်ပေးအပ်၍ ထောက်ပံ့မှုများ ဆောင်ရွက်ပေးမှုအခြေအနေ၊ ၂၀၁၁-၂၀၁၂ ခုနှစ် မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် ရေကြီးနစ်မြုပ်သည့် မိုးစပါးစိုက်ဧကများ၊ ရေကြီးမှုကြောင့် ခေတ္တပိတ်ထားခဲ့ရသည့် ကျောင်းများနှင့် ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းများ၊ ရေကျော်သည့် ဆည်တမံများနှင့် ရေကာတာများအခြေအနေ၊ တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ရေကြီးနစ်မြုပ်သည့် အိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းခြောက်မျိုး ထောက်ပံ့မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရေဘေးကာကွယ်ရေး

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဝင်းက ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေဘေးကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် တာတမံ၊ ရေနုတ်မြောင်းနှင့် ရေတံခါး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နှစ်စဉ် အထူးဂရုပြုစောင့်ရှောက်ရမည့် အရေးကြီးတာတမံများနှင့် အထူးဂရုပြု စောင့်ကြပ်ရမည့် မြစ်ကမ်းနှင့် နီးကပ်သည့် တာတမံများ၊ ၂၀၁၁-၂၀၁၂ ခုနှစ်အတွင်း ဆောင်ရွက်ပြီးစီးသော မြစ်ကမ်းကာကွယ်ခြင်း လုပ်ငန်းများအခြေအနေ၊ မိုးရာသီ ရေဘေးကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စက်ယန္တရားများထားရှိမည့် အစီအစဉ်၊ ကညင်ရေလှောင်တမံနှင့် နန်ကသူရေလှောင်တမံတို့၏ ရေပိုလွှဲမှ နှစ်အလိုက် ရေကျော်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက မှာကြားရာတွင် ပြီးခဲ့သည့် ရက်ပိုင်းအတွင်း မြစ်ဝကျွန်းပေါ်ဒေသနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်မှု ဖြစ်စဉ်များအပေါ် အထူးသတိထားစောင့်ကြည့်ခဲ့ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် သဘာဝဘေးအန္တရာယ် ပိုမိုကြုံတွေ့ရနိုင်သော ဒေသဖြစ်ပြီး ၂၀၀၈ ခုနှစ်အတွင်းကလည်း နာဂစ်မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရကြောင်း၊ မုန်တိုင်းများ ဝင်ရောက်လေ့ရှိသကဲ့သို့ ဧရာဝတီမြစ်နှင့် ဝဝန်မြစ်အထက်ပိုင်းတို့တွင် မိုးရွာသွန်းမှုများပြားပါက ရေကြီးနစ်မြုပ်နိုင်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့ရွာအများစုသည် မြစ်ကမ်းဘေး၌ တည်ထားသော မြို့ရွာများဖြစ်၍ မြို့တိုင်း၌ ရေတာတမံများ ပြုလုပ်ထားကြောင်း၊ မြစ်ကို ကာကွယ်ထားသည့် တာတမံများ ကျိုးပေါက်ပါက ပျက်စီးဆုံးရှုံးမှု များပြားနိုင်၍ သတိပြုစောင့်ကြည့်ရန်လိုကြောင်း၊ ယခုကဲ့သို့ မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးခြင်းမှာ တာတမံကျိုးပေါက်ခြင်းမျိုးလောက် စိုးရိမ်စရာမရှိပါကြောင်း၊ မြစ်ရေလျှံမှုများတွင် ဆည်နှင့် တာတမံများ ခိုင်ခံ့မှုသည် အရေးကြီး၍ အလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ဆည်၊ တာတမံများ၏ ကြိုတင်ကာကွယ်မှုနှင့် သတိပေးမှုများအပေါ် မျက်ခြည်မပြတ် ကြည့်ရှုလျက်ရှိပါကြောင်း။

ယခုရေဘေးကြုံတွေ့ရသည့် ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် ကြိုတင်ကာကွယ်မှု လုပ်ငန်းများအတွက် အစီအမံများ ပြုလုပ်နိုင်ရန်အတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရေဘေးကြောင့်ပိတ်ခဲ့ရသည့် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် လိုအပ်သည့် ကျောင်းသုံးပစ္စည်းများနှင့် ကျန်းမာရေး ကာကွယ်စောင့်ရှောက်မှုပေးရန် ဆေးဝါးပစ္စည်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများက ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍတွင်လည်း လယ်မြေများ ရေကြီးနစ်မြုပ်မှု ကြာရှည်ပါက ပျက်စီးဆုံးရှုံးမှုရှိနိုင်ကြောင်း၊ လမ်း၊ တံတားများလည်း ပျက်စီးဆုံးရှုံးမှုရှိနိုင်၍ အဆိုပါကိစ္စရပ်များအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ်

ဧရာဝတီတိုင်းဒေသကြီးသည် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ အန္တရာယ်ရှိသောဒေသဖြစ်ပြီး သဘာဝဘေးအန္တရာယ်ကို ကျော်လွှားနိုင်ရန် နည်းလမ်းများ ရှာကြံရန်နှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများလုပ်ဆောင်ရန် မိမိတို့အဖွဲ့ လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ရေဘေးသင့်မြို့နေ ပြည်သူအများစုမှာ ဆင်းရဲနွမ်းပါးသူများ၊ လက်လုပ်လက်စားများဖြစ်ကြကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်း(၈)ရပ်ကို အကောင်အထည်ဖော်ရာ၌ ကျေးလက်ဒေသ သာမက မြို့ပေါ်ရပ်ကွက်နေ လက်လုပ်လက်စား ပြည်သူများအတွက်ပါ ရည်ရွယ်ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း၊ ၎င်းတို့နေအိမ်များသို့ ပြန်ရောက်သည့်အခါ စားရေးအဆင်ပြေအောင် ဆောင်ရွက်ပေးရုံနှင့် မပြီးသေးဘဲ ရေရှည်စားသောက်နိုင်ရေးအတွက် ပုဂ္ဂလိက ငွေစုငွေချေးအသင်းများ ထူထောင်ပေးခြင်းဖြင့် အလုပ်အကိုင်များလုပ်နိုင်အောင် ဖန်တီးပေးသွားရမည်ဖြစ်ကြောင်း၊ မြို့နေပြည်သူများအနေဖြင့် ငွေပိုငွေလျှံများကို သိမ်းဆည်းထားမည့်အစား မိမိတို့အတွက်လည်း အကျိုးရှိ ဆင်းရဲနွမ်းပါးသူများအတွက်လည်း အထောက်အကူ ဖြစ်အောင် ပုဂ္ဂလိကငွေစုငွေချေးအသင်းများ ဖွဲ့စည်းပေးရမည်ဖြစ်ကြောင်း၊ လက်လုပ်လက်စားများအတွက် ငွေကြေးအရင်းအနှီးများ ပံ့ပိုးပေးနိုင်သည်နှင့်အမျှ စားဝတ်နေရေး ချောင်လည်မှုရှိလာမည်ဖြစ်ကြောင်း။

အခမဲ့မူလတန်းပညာသင်ကြားရေးကို အကောင်အထည်ဖော် ဆောင်ရွက်နေသော်လည်း အချို့ကလေးများမှာ အခမဲ့မူလတန်းပညာကိုပင် မသင်ကြားနိုင်သူများ ရှိနေသေးကြောင်း၊ ၎င်းတို့အတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပစ္စည်းများ ပံ့ပိုးပေးနိုင်လျှင် စာသင်ခန်းများအတွင်း ရောက်ရှိလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အလေးအနက်ထား လုပ်ဆောင်နေကြောင်း၊ သို့သော် အစိုးရချည်း မအောင်မြင်နိုင်ဘဲ ပြည်သူများကလည်း ပါဝင်ကူညီ ဆောင်ရွက်မှသာ တစ်နိုင်ငံလုံးအတိုင်းအတာအထိ ထိထိရောက်ရောက် လုပ်နိုင်မည်ဖြစ်ကြောင်း၊ အစိုးရအဖွဲ့သစ်သည် သက်တမ်း လေးလသာရှိသေးကြောင်း၊ နိုင်ငံတော်၏ အခြေအနေပေါ်မူတည်ပြီး စဉ်းစားဆုံးဖြတ်၍ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ပညာရှင်များနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြီး ပေါ်ထွက်လာသည့် အချက်များအပေါ် သုံးသပ် လုပ်ဆောင်လျက်ရှိကြောင်း၊ တိုင်းပြည် တည်ငြိမ်အေးချမ်းမှုမရှိလျှင် ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးမည်ကို အားလုံးသိရှိလက်ခံထားရန် လိုကြောင်း။

ယခုအခါ တစ်ကမ္ဘာလုံးတွင် ရာသီဥတုဖောက်ပြန်နေပြီး အင်အားပြင်းထန်သည့် ငလျင်ကြီးများ၊ ဆူနာမီရေလှိုင်းကြီးများ၊ မီးတောင်ပေါက်ကွဲမှုများ၊ ရေလွှမ်းမိုးနစ်မြုပ်မှုများဖြစ်ပြီး အသေအပျောက်များပြားကြောင်း၊ အချို့နိုင်ငံများတွင် မိုးခေါင်ပြီး အစာရေစာ ပြတ်လပ်နေကြောင်း၊ နိုင်ငံတကာနှင့် ယှဉ်လျှင် မိမိတို့နိုင်ငံသည် ပျက်စီးဆုံးရှုံးမှု ပမာဏနည်းပါးကြောင်း၊ ရာသီဥတုဖောက်ပြန်၍ သဘာဝဘေးအန္တရာယ် ကြုံတွေ့ပါက ကျော်လွှားနိုင်မည့်နည်းလမ်းများ စဉ်းစားပြီး ကြိုတင်ကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ လာမည့် မိုးနှောင်းကာလအတွင်း မြစ်ကမ်းပါးကို ကာကွယ်ထားသည့် တာတမံများ မကျိုးပေါက်စေရန် တာဝန်ရှိသူများက ဂရုပြုစောင့်ကြပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာ ဟင်္သာတခရိုင်အုပ်ချုပ်ရေးမှူး ဦးလှဝေက လက်ခံသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟင်္သာတမြို့ မြို့တော်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များအား ရင်းရင်း နှီးနှီး နှုတ်ဆက်၍ ရေဘေးသင့် ပြည်သူများအား အားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပေးအပ်

ဆက်လက်၍ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများကိုလည်းကောင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက CDMA တယ်လီဖုန်း တစ်လုံးနှင့် ထောက်ပံ့ငွေများကို လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဆေးဝါးပစ္စည်းများကို လည်းကောင်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး

စာမျက်နှာ ၅ ကော်လံ ၁ သို့✳

အမှာစကားပြောကြား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂွမြို့ အောင်မင်္ဂလာခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရေဘေးသင့် ပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✻ စာမျက်နှာ ၄ မှ

ဦးဉာဏ်ထွန်းအောင်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်လှိုင်၊ ဧရာဟသာကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ ဦးဇော်ဝင်းရှိန်နှင့် အောင်မြင်သူကုမ္ပဏီမှ ဦးနေနေလွှမ်းမိုးတို့က ထောက်ပံ့ငွေများ ကိုလည်းကောင်း ပေးအပ်ကြရာ ရေဘေး သင့်ပြည်သူများကိုယ်စား တာဝန်ရှိသူများ က လက်ခံကြသည်။

လှည့်လည်ကြည့်ရှု

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတ သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ရေဘေးသင့် ပြည်သူများအား အားပေးစကား ပြော ကြားသည်။ ထို့နောက် နိုင်ငံတော်သမ္မတ နှင့် အဖွဲ့ဝင်များသည် ဟင်္သာတမြို့ မြို့ပြ စည်ပင်မှု အခြေအနေများကို မော်တော် ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် လိုက်ပါလျက် ဟင်္သာတမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက် ခွာခဲ့ပြီး ငါးသိုင်းချောင်းမြို့သို့ ရောက်ရှိ ကြရာ ဧရာဝတီတိုင်းဒေသကြီး စီမံကိန်း နှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှခိုင်နှင့် တာဝန်ရှိသူများက ကြိုဆို ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ငါးသိုင်းချောင်းမြို့ ဆောက်လုပ်ရေး ဧည့် ရိပ်သာ၌ ရေဘေးသင့် ပြည်သူများအား တွေ့ဆုံ၍ ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အားပေးစကားပြောကြားရာတွင် ငါးသိုင်း ချောင်းမြို့ ရေဘေးသင့်ပြည်သူများအား ကိုယ်တိုင်ကိုယ်ကျ အားပေးစကားပြော ကြားရန်အတွက် ပြည်ထောင်စုအဆင့် ဝန်ကြီးများပါဝင်သည့် မိမိတို့အဖွဲ့ လာ ရောက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ မြစ်ဝကျွန်း ပေါ်ဒေသ၌ ရေကြီးမှုဖြစ်စဉ်မှာ ထူးခြား ဖြစ်စဉ် မဟုတ်ပါကြောင်း၊ ဒေသခံပြည်သူ များအနေဖြင့် ရေကြီးနစ်မြုပ်မှု အတွေ့ အကြုံရှိပြီးဖြစ်ကြောင်း၊ တောင်သူများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ပျက်စီး ဆုံးရှုံးမှုများကို မှန်မှန်ကန်ကန် ကွင်းဆင်း စစ်ဆေးပြီး တိုင်းဒေသကြီးနှင့် နိုင်ငံတော် အပိုင်းက လိုအပ်သည်များကို ဖြည့်ဆည်း ကူညီပေးသွားမည်ဖြစ်ကြောင်း၊ သဘာဝ ဘေးဒဏ်ကြောင့် ဆုံးရှုံးမှုအပေါ် စိတ်ပျက် နေရန်မလိုဘဲ ရေပြန်လည်ကျဆင်းသွား ပါက အချိန်မီစိုက်ပျိုးနိုင်ရန် ကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ရေ ဘေးသင့်ပြည်သူများအတွက် မျိုးစပါးနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ပေးအပ်ရာ ရေဘေးသင့်ပြည်သူများ ကိုယ်စား ကိုယ် စားလှယ်တစ်ဦးက လက်ခံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ထောက်ပံ့ငွေနှင့် ကယ် ဆယ်ရေးပစ္စည်းများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက CDMA တယ်လီဖုန်းတစ်လုံးနှင့် ထောက်ပံ့ငွေများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဆန်အိတ်နှင့် ထောက်ပံ့ငွေများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဆေးဝါးပစ္စည်း များကိုလည်းကောင်း၊ ပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်စိုးနှင့် ပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်မြင့်တို့က ထောက်ပံ့ ငွေများကို လည်းကောင်း ပေးအပ်ကြရာ ရေဘေးသင့် ပြည်သူများကိုယ်စား ကျေးရွာအုပ်စုအလိုက် ကိုယ်စားလှယ်များ က လက်ခံကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ငါးသိုင်းချောင်းမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ရခိုင် ပြည်နယ် ဂွမြို့သို့ ရောက်ရှိကြရာ ရခိုင် ပြည်နယ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးအေးနှင့် မြို့နယ်အဆင့်ဌာန ဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဂွမြို့ အောင်မင်္ဂလာခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ရေဘေးသင့် ပြည်သူများအား တွေ့ဆုံသည်။

ရှေးဦးစွာ ဂွမြို့နယ် အုပ်ချုပ်ရေးမှူးက မြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက် များ၊ ဇူလိုင် ၁၉ ရက်မှ ၂၁ ရက်အထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ကျေးရွာအုပ်စုများ ရေနစ်မြုပ်မှုနှင့် ကယ် ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ကြိုးကြပ်ဆောင်ရွက်

တင်ပြချက်များအပေါ် နိုင်ငံတော် သမ္မတကမှာကြားရာတွင် ပြီးခဲ့သည့်ရက် များအတွင်း မိုးရွာသွန်းမှုများပြား၍ ပဲခူး တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး နှင့် ရခိုင်ပြည်နယ်တို့၌ ရေကြီးမှုဖြစ်ပွား ခဲ့ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ရေကြီး မှုဖြစ်စဉ်တွင် ဂွ၊ အမ်း၊ မင်းပြား၊ မြောက် ဦးနှင့် ပုဏ္ဏားကျွန်းမြို့များ၌ အထိုက် အလျောက် နစ်မြုပ်မှုရှိခဲ့ကြောင်း၊ ပျက်စီးဆုံးရှုံးမှု များပြားသည့်နေရာများ နှင့် အထိုက်အလျောက် ပျက်စီးသည့် နေရာများကို အကူအညီပေးနိုင်ရန် လာ ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပျက်စီးဆုံးရှုံးမှု ကိုကြည့်ပါက ကျေးလက်မှ ခိုင်ခိုင်ခံ့ခံ့ မရှိသည့် တဲအိမ်များမှာ အများဆုံးဖြစ် သည်ကို တွေ့ရကြောင်း၊ သို့ဖြစ်၍ ကျေးလက်နေပြည်သူများ၏ နေအိမ်များ ကို ခိုင်ခိုင်ခံ့ခံ့ဖြစ်အောင် ကြိုးပမ်း တည်ဆောက်သွားကြရန် လိုကြောင်း၊ ပျက်စီးသွားသော လမ်းများကိုလည်း အမြန်ပြုပြင်ပေးရန် တာဝန်ရှိသူအဆင့် ဆင့်က ကြိုးကြပ်ဆောင်ရွက် ပေးသွား ကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ရေ ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ ငွေများကို ပေးအပ်ရာ ကျေးရွာအုပ်ချုပ် ရေးမှူးတစ်ဦးက လက်ခံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ကယ်ဆယ်ရေးပစ္စည်း များကိုလည်းကောင်း၊ ပြည်ထောင်စု ဝန်ကြီး ဦးသိန်းထွန်းက CDMA တယ်လီဖုန်းတစ်လုံးနှင့် ထောက်ပံ့ငွေများ ကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက စာရေးကိရိယာများ ကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဆေးဝါးပစ္စည်း များကိုလည်းကောင်း၊ ပြည်ထောင်စု ဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်စိုး၊ ပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်မြင့်နှင့် ပြည်ထောင်စု ဝန်ကြီး ဦးမြင့်လှိုင်တို့က ထောက်ပံ့ငွေများ ကိုလည်းကောင်း ပေးအပ်ကြရာ သက် ဆိုင်ရာ တာဝန်ရှိသူများက လက်ခံကြ သည်။

အားပေးစကားပြောကြား

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတ သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ရေဘေးသင့် ပြည်သူများအား အားပေးစကားပြော ကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဂွမြို့မှ ရဟတ်ယာဉ်များ ဖြင့် ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် သံတွဲ မြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

ဇူလိုင် ၂၈ ရက်အတွက် မိုးလေဝသခန့်မှန်းချက်

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၄	၂၅	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ	၈၀%
၂	ကယားပြည်နယ်	၃၁	၂၂	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၃	ကရင်ပြည်နယ်	၃၂	၂၄	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၄	ချင်းပြည်နယ်	၂၄	၁၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၃၁	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၅	၂၈	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၃၁	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ (နေရာကွက်၍မိုးကြီးနိုင်)	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၀	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၅	၂၇	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၄	၂၇	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၁၁	မွန်ပြည်နယ်	၂၉	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၁	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၁၃	ရခိုင်ပြည်နယ်	၃၁	၂၄	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၆	၁၈	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၃	၂၀	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၄	၂၂	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၂၉	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၃	၂၅	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၁	၂၄	မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာ	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၄	၂၇	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၆၀%

ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့် အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

တေးရေးပညာရှင်ကြီးများ၏ နှောင်းခေတ်ကာလပေါ်တေး အတွဲ(၄)နှင့်အတွဲ(၅)ထုတ်ဝေ

နေပြည်တော် ဇူလိုင် ၂၇

ပြန်ကြားရေးဝန်ကြီးဌာန နှောင်းခေတ် ကာလပေါ်တေး သီချင်းများ စိစစ်ရေး ကော်မတီကပြုစုသည့် နှောင်းခေတ် ကာလပေါ်တေး စာအုပ်အတွဲ(၄)နှင့် အတွဲ(၅)တို့ကို ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ် သည်။

၁၉၄၈ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ နှစ်လေးဆယ်ကျော် ကာလအတွင်း မြန်မာ့အသံရေဒီယိုမှ ထုတ်လွှင့်ခဲ့သော မြန်မာသံစဉ်တေးသီချင်းများ အရေ အတွက်သည် သောင်းနှင့်ချီ ရှိခဲ့သည်။ ယင်းသီချင်းများထဲမှ အကောင်းတကာ့ အကောင်းဆုံး ရေဒီယိုတေးချစ်သူတို့၏ စွဲမက်နှစ်ခြိုက်အခံရဆုံး တေးသီချင်းများ ကို ဦးစားပေး စိစစ်ပြုစု၍ တစ်အုပ်လျှင် တေးသီချင်းပုဒ်ရေ ၂၀၀ ခန့်ဖြင့် စာအုပ် ပြုစုထုတ်ဝေခဲ့ရာ ယခုအခါ စာအုပ်အတွဲ အမှတ်(၄)နှင့် အမှတ်(၅)သို့ ရောက်ရှိလာ ပြီဖြစ်သည်။

နှောင်းခေတ်ကာလပေါ်တေး အတွဲ (၄)တွင် တစ်ချိန်က မြန်မာသံစဉ်တေး ချစ်သူတို့ အသည်းနှလုံးတွင် စွဲစွဲနစ်နစ် ခံစားခဲ့ရသည့် စန္ဒရားချစ်ဆွေ၏ တေး ပေါင်း ၆၀ ကျော်နှင့်အတူ ရေဒီယိုချစ်သူ တို့အသည်းစွဲ ဂီတစာဆိုများ ဖြစ်ကြသည့် ဂီတစာဆို ပန်တျာချစ်လှိုင်၊ တက္ကသိုလ် ချိုကြီး၊ စန္ဒရားအောင်ကြီး၊ သောင်းတင် ဌေး၊ စိန်မောင်မြင့်၊ မောင်ကြေးမုံ၊ မောင်ဆွေနွယ်နှင့် ဥက္ကလာခင်စောတို့၏ ကိုယ်ရေးအတ္ထုပ္ပတ္တိများ၊ စာဆိုတို့၏ တေးလက်ရာ မြန်မာသံစဉ် တေးစာသား များ ပါဝင်သည်။

နှောင်းခေတ်ကာလပေါ်တေး အတွဲ (၅)တွင် တစ်ချိန်က ရေဒီယိုပရိသတ် အသည်းကို စွဲကိုင်လှုပ်ခတ်ခဲ့သည့် ဂီတ စာဆိုများဖြစ်ကြသည့် ကိုသက်ဦး၊ အကယ်ဒမီ စန္ဒရားလှထွဋ်၊ ကိုမျိုးဆက်၊ ကိုကျော်ညွန့်၊ ရေနံ့သာဝင်းမောင်နှင့် ရွှေဖြူးလွင်သစ္စာတို့၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ နှင့် စာဆိုတို့၏လက်ရာ တေးစာသားများ၊ တေးသံရှင် ကိုခင်မောင်လွင်၊ လီလီကြာ ညွန့်နှင့် ချိုဝေလွင်တို့၏ ကိုယ်ရေး အတ္ထုပ္ပတ္တိနှင့် တေးစာသားများအပြင် ဂီတစာဆို ရဲဘော်တင်ကိုး၊ မောင်ယဉ် မော်၊ ကိုဝင်းစိုးနှင့် မောင်စန်းဝင့်တို့၏ တေးစာသားများကို ဝေဝေဆာဆာ ဖော် ပြထားသည်။

အဆိုပါ နှောင်းခေတ်ကာလပေါ်တေး များစာအုပ် အတွဲ(၄)နှင့် အတွဲ(၅)တို့ကို တစ်အုပ်လျှင် ရောင်းဈေး ငွေကျပ် ၂၅၀၀ နှုန်းဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့နှင့် ရန်ကုန်မြို့ ကုန် သည်လမ်းရှိ စာပေဗိမာန်စာအုပ် အရောင်းဆိုင်တို့တွင် လည်းကောင်း၊ နေပြည်တော် သပြေကုန်းဈေး စာပေ ဗိမာန်စာအုပ် အရောင်းဆိုင်တွင်လည်း ကောင်း ဝယ်ယူရရှိနိုင်ပြီဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတစ်ဝန်း / သစ်တောစွမ်းဖြင့် / စိမ်းလန်းစေရမည်

မုတ်သုံ (Monsoon)

နီနီအေး(ပထဝီဝင်)

ဒီနေ့ တနင်္ဂနွေရုံးပိတ်ရက်ဆိုတော့ ကျွန်မ အိမ်အလုပ်တွေကို စက်ရုပ်တစ်ရုပ်လို လုပ်ရပါတော့မယ်။ တစ်ပတ်စာ လျှော်စရာအဝတ်တွေ၊ မီးပူတိုက်စရာတွေက အပုံလိုက်။ မေမေကတော့ အိမ်ရှေ့မှာ စိပ်ပုတီးစိပ်ရင်း နံနက်ခင်းရဲ့ လေကောင်းလေသန့်ကို ရှူရှိုက်နေပါတယ်။

"နီတာ. . . နီတာ" မေမေ့ရဲ့ ခေါ်သံကို ကြားလိုက်ရပါတယ်။

"မိုးဖွဲလေးတွေ ကျလာပြီဟေ့၊ အဝတ်တွေကို ဆပ်ပြာမှုန့်မစိမ်လိုက်နဲ့နော်၊ အချိန်အခါမဟုတ် မိုးကရွာ၊ လေကတိုက်နဲ့၊ အဲဒါ လူတွေကြောင့်ပေါ့၊ ဥတုတွေလည်း ဖောက်ပြန်ကုန်ပြီ၊ ကမ္ဘာကြီးများ ပျက်တော့မလား မသိပါဘူးအေ့ "။

မေမေ့ရဲ့ညည်းတွားသံတွေကြောင့် ကျွန်မ မနေသာတော့ဘဲ အိမ်ရှေ့ကို အပြေးကလေး ထွက်လာခဲ့ပါတယ်။

"မေမေ. . . ဘာတွေလျှောက်ပြောနေတာလဲ၊ မိုးဖွဲလေးတွေရွာပြီး လေတိုက်တယ်ဆိုတာက မုတ်သုံရဲ့ အကြွင်းအကျန်တွေကြောင့်ပါ "။

"အန်တီနီ . . . မုတ်သုံဆိုတာ ဘာကိုပြောတာလဲဟင်"၊ ဧည့်ခန်းထဲမှာ စာကျက်နေတဲ့ ကျွန်မရဲ့တူလေး လွင်မင်းခန့်က လှမ်းပြီးမေးလိုက်ပါတယ်။

"ဩော်. . . သားသားက စာလုပ်နေတာလား" မေမေက ဆက်ပြောပါတယ်။ "မြေးလေး. . . မုတ်သုံဆိုတာ မိုးဥတုပဲကွဲ့။ မေမေကြီးတို့ ရွာမှာတုန်းက ဖျောက်ဆိပ်ကြယ်ခေါ်၊ ခုနစ်ဖော်၊ ယူသော်ကြတ္တိကာတဲ့။

ဖျောက်ဆိပ်ကြယ်ကို တွေ့တာနဲ့ မိုးကျပြီလေ၊ နှမ်းစိုက်ရမယ့် အချိန်ဆိုရင်လည်း ဖျောက်ဆိပ်မွန်းလွဲ၊ နှမ်းကြီးကြဲလို့ မှတ်ထားတာပေါ့"။

"ဖျောက်ဆိပ်ကြယ်က ဘာလဲဟင်"၊ ကျွန်မရဲ့တူလေး လွင်မင်းခန့်တစ်ယောက် ခေါင်းရှုပ်သွားဟန်တူတယ်။ ကျွန်မ ခဏတာစဉ်းစားပြီး ကလေးနားလည်အောင် ရှင်းပြရပါတော့တယ်။

"တောင်သူလယ်သမားကြီးတွေက ကြတ္တိကာနက္ခတ်ကို ဖျောက်ဆိပ်ကြယ်လို့ ခေါ်ကြတယ်။ မြန်မာနှစ်ဆန်းတစ်ရက်နေ့ကစပြီး ရက်ပေါင်း ၄၅ ရက် ပြည့်တဲ့မနက်ကောင်းကင်မှာ ဖျောက်ဆိပ်ကြယ် ပေါ်လာရင် မိုးဦးကျပြီလို့ ပြောကြတာပေါ့ကွယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀၀၀ လောက်က (အေဒီ ၁ရာစုနှစ်) အာရပ်ကုန်သည်တွေက အရှေ့မြောက်ဘက်က တိုက်လာတဲ့လေကို အရဗီစကားနဲ့ "မော်ဆင်(မ်)"(mausim) ရာသီလို့ ခေါ်ကြတယ်။ အေဒီ ၄ ရာစုကို ရောက်လာတဲ့အခါမှာတော့ ရာသီလေတွေ ဖြတ်သန်းတိုက်ခတ်ခဲ့တဲ့ နေရာဒေသတွေမှာ လူမှုရေး၊ စီးပွားရေးတွေ ဖွံ့ဖြိုးတိုးတက်လာတာကြောင့် အင်္ဂလိပ်တွေက မော်ဆင်(မ်)ကို အင်္ဂလိပ်အသံထွက်နဲ့ "မွန်ဆန်း" (monsoon) လို့ ခေါ်ခဲ့ကြတာပေါ့။ Monsoon ကို မြန်မာမှုပြုတော့ "မုတ်သုံ" ဖြစ်လာတာပေါ့။ အန်တီနီတို့နေတဲ့ မြန်မာနိုင်ငံဟာ မြောက်ကမ္ဘာခြမ်းမှာ တည်ရှိတယ်။ ဒါကြောင့် မြောက်ကမ္ဘာခြမ်း နွေရာသီမှာတိုက်တဲ့ အနောက်တောင် မုတ်သုံလေနဲ့ ဆောင်းရာသီမှာတိုက်တဲ့ အရှေ့မြောက် မုတ်သုံလေဆိုပြီး နှစ်မျိုးရှိတယ်။ မြန်မာနိုင်ငံမှာ အနောက်တောင်မုတ်သုံလေလို့ ဆိုလိုက်ရင် တစ်နည်းအားဖြင့် မိုးဥတုကို ဆိုလိုတာလို့ နားလည်ထားကြတယ်။"

"အန်တီနီ. . . မုတ်သုံလေက ဘယ်အချိန်တွေမှာ တိုက်တာလဲဟင်"။

"ဩော်. . . ရှင်းပြမှာပေါ့။"

"မြန်မာနိုင်ငံမှာ အနောက်တောင်မုတ်သုံလေက ယေဘုယျအားဖြင့် မေလ ၂၀ ရက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ မေလ ၂၅ ရက်မှာ အောက်မြန်မာပြည်နဲ့ ဇွန်လ ၁ ရက်မှာ အထက်မြန်မာပြည်ကို စတင်ဝင်ရောက်တတ်တယ်။ ဒါကြောင့် အနောက်တောင်မုတ်သုံလေစတင်ဝင်ရောက်တဲ့ မေလ ၂၀ ရက်ကနေ ဇွန်လ ၃၀ ရက် အထိကာလကို မိုးဦးကာလ သို့မဟုတ် မုတ်သုံဦးကာလ (Pre monsoon Period) အဖြစ် သတ်မှတ်ကြတာပေါ့။ဟိုတုန်းက ဥတုဆိုတာ တစ်နှစ်တာရဲ့ အပူချိန်ကို အပူ၊ အအေးနဲ့ စွတ်စိုမှုအပေါ်လိုက်ပြီး လေးလစီပိုင်းကာ နွေဥတု၊ ဆောင်းဥတုနဲ့ မိုးဥတုလို့ ကာလခွဲထားတယ်။အခုတော့ အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်တဲ့နေ့ကနေ ပြန်လည်ထွက်ခွာသွားတဲ့နေ့အထိကို မိုးဥတု (Rainy Season) လို့ သတ်မှတ်တယ်"။

"ဒါဆိုရင်. . . မိုးရွာတာနဲ့ မိုးဥတုပေါ့နော်"။

"မဟုတ်သေးဘူး၊. . . . မိုးရွာတိုင်း မိုးဦးကျပြီလို့တော့ ပြောလို့မရသေးဘူး။ ပထမဆုံး မုတ်သုံလေ ဖိအားနည်းချိုင့်တိမ် (Monsoon Low trough) ဖြတ်သန်းပြီး တိုက်လေတွေအားပျော့ကာ မိုးတိမ်တောင် (Comulonimbus Clouds)တွေ ဖြစ်ပေါ်ပြီး မွန်းလွဲပိုင်း၊ ညနေပိုင်းနဲ့ ညဦးပိုင်းတွေမှာ ပုံ့ကျမိုး(Convectional rain) ထစ်ချုန်းရွာတတ်တယ်လေ။ မနက်လင်းတာနဲ့ တိမ်ကင်းစင်ပြီး နေသာနေတော့တာပါပဲ။ မုတ်သုံအဝင် မိုးက အနောက်တောင်အရပ်က မိုးတိမ်တွေဆင်းလာပြီး အချိန်မရွေး ထစ်ချုန်းရွာတတ်တယ်။ အဲဒီလို သုံးလေးရက်လောက်ရွာပြီး တိမ်တောင်တွေ လျော့နည်းလာတယ်။ အဲဒီနောက် တိမ်လတ်လွှာ (Alto Stratus)၊ တိမ်နိမ့်လွှာ (Stratus)နဲ့ မိုးတိမ်လွှာ (Nimbo Stratus)တွေ ထူထပ်လာပြီး အလွှာတိမ်တွေ ပေါ်ပေါက်ကာ ထစ်ချုန်းတာမျိုးမရှိဘဲ မုတ်သုံမိုးရွာချတော့တာပဲ။ မုတ်သုံမိုးရွာတာက ပြန်ကျမိုးရွာသလို မဟုတ်ဘူး၊ အချိန်မှန်မှန် ကြာကြာရွာတတ်တယ်။ အဲဒီလို ရွာတဲ့ရက်က အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်တဲ့ရက် ဒါမှမဟုတ် မုတ်သုံဦးကျရောက်တဲ့ရက်ပဲ။"

"မုတ်သုံလေက. . . . ဘယ်နေရာတွေမှာ ဘယ်လိုတိုက်တာလဲသမီးရဲ့ ရှင်းပြစမ်းပါဦး။"

"ဟုတ်ကဲ့ မေမေ၊ မုတ်သုံလေဝင်လာတဲ့အခါမှာ အနောက်တောင်မုတ်သုံလေက တစ်နာရီကို ၅ မိုင်ကနေ ၁၅ မိုင်နှုန်း၊ တစ်ခါတစ်ရံ ၂၅ မိုင်ကနေ မိုင် ၃၀ နှုန်းအထိ တိုက်ခတ်လေ့ရှိတယ်။ တိုက်လေတွေက ရခိုင်ကမ်းရိုးတန်း၊ ဧရာဝတီမြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့နဲ့ မွန်- တနင်္သာရီကမ်းရိုးတန်းတွေကို အနောက်တောင်မုတ်သုံလေအဖြစ် တိုက်ခတ်တယ်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကို ကျော်ဖြတ်ပြီးတဲ့နောက် တောင်မြောက်တန်းနေတဲ့ ရခိုင်ရိုးမ၊ ပဲခူးရိုးမ၊ ရှမ်းရိုးမတို့နဲ့ အပြိုင်တိုက်ပြီး မြန်မာနိုင်ငံအလယ်ပိုင်းနဲ့ မြောက်ပိုင်းကို တောင်လေအဖြစ်နဲ့ တိုက်တာပေါ့။ မုတ်သုံလေ စတင်ဝင်ရောက်တဲ့ရက်ကနေ ဇွန်လ ၃၀ ရက်နေ့အထိ ဘင်္ဂလားပင်လယ်အော်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိပြီး အားအသင့်အတင့်ကနေ အားကောင်း၊ အားအလွန်ကောင်း ဖြစ်ပေါ်တတ်တယ်။ တစ်ခါတစ်ရံ အားနည်းတာလည်း ဖြစ်တတ်တယ်။"

"မုတ်သုံလေအားကောင်းရင် ဘာတွေဖြစ်တတ်သလဲအန်တီ"။

"မုတ်သုံလေအားကောင်းရင် မြန်မာနိုင်ငံအောက်ပိုင်းနဲ့ ကမ်းရိုးတန်းဒေသတွေမှာ မိုးများပြီး မုတ်သုံလေအားနည်းတဲ့အခါ မြန်မာပြည်မြောက်ပိုင်းမှာ မိုးများကာ မြန်မာနိုင်ငံအောက်ပိုင်းနဲ့ ကမ်းရိုးတန်းဒေသတွေမှာ မိုးနည်းသွားပြန်ရော။ မြန်မာပြည်အလယ်ပိုင်းမှာကတော့ မိုးဦးကာလက မိုးလယ်ကာလထက် မိုးပိုကောင်းလေ့ရှိတယ်။ ဇွန်လကုန်တာနဲ့ မိုးဦးကာလကုန်ဆုံးပြီး မုတ်သုံကာလ (Peak monsoon Period)ကို ရောက်ရှိလာတယ်။ မုတ်သုံလယ်ကာလဖြစ်တဲ့ ဇူလိုင်လနဲ့ ဩဂုတ်လတွေမှာ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းဒေသကလွဲပြီး ကျန်ဒေသတွေမှာ မိုးဖြိုင်ဖြိုင်ရွာလေ့ရှိတယ်။ မြန်မာနိုင်ငံအလယ်ပိုင်းမှာတော့ ဇူလိုင်လမှာ မိုးနည်းပြီး ဩဂုတ်လမှာ မိုးပြန်ကောင်းလာတယ်။ ကျန်ဒေသတွေမှာ မိုးနည်းသွားတာ၊ မိုးပြတ်သွားတာတွေ ဖြစ်တတ်တယ်။ အဲဒီလို မိုးနည်းသွားတာက မုတ်သုံခါးပြတ် (Monsoon break) တာပဲ။"

"Monsoon break ကြောင့် ဘာတွေဖြစ်တတ်သလဲအန်တီ"။ လွင်မင်းခန့်တစ်ယောက် စိတ်ဝင်တစားနဲ့ မေးလာပါတယ်။ ချက်ချင်းဆိုသလို မေမေက ဝင်ပြောလိုက်ပါတယ်။

"မေမေကြီးတို့ကတော့ ဆိုးကျိုးရော၊ ကောင်းကျိုးရော ကြုံခဲ့ရဖူးတယ်။ သီးနှံပင်တွေ ရေငတ်တာနဲ့ သီးနှံဖျက်ပိုး အန္တရာယ်ကျတာပေါ့ကွယ်။ ဒါပေမယ့်လည်း မိုးကြိုနှမ်းအတွက်ကျတော့ ကောင်းသွားပြန်ရော။ ကဲ. . . . သမီးဆက်ပြောပါဦး"။

"မုတ်သုံလေအဝင်စောပြီး မိုးဦးကာလ ရက်ရှည်တာ၊ မုတ်သုံလေအဝင်နောက်ကျပြီး မိုးဦးကာလ ရက်တိုတာတွေ ဖြစ်တတ်တယ်။ အနောက်တောင်မုတ်သုံလေအလွန်အားကောင်းတဲ့အခါ ကမ်းရိုးတန်းဒေသတွေ၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနဲ့ ကချင်ပြည်နယ်တွေမှာ မိုးအားကောင်းတတ်တယ်။ မိုးသက်လေပြင်းကျရောက်တာ၊ မိုးသည်းထန်တာ၊ ဒေသအလိုက်မိုးကြီးတာတွေ ဖြစ်ပေါ်လေ့ရှိတယ်။ မြန်မာ့ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာတော့ ရံဖန်ရံခါ မိုးသက်လေပြင်းတွေ ကျရောက်ပြီး လှိုင်းကြီးတော့တာပါပဲ။"

"သားသားရေ. . . အရှေ့မှာပြောခဲ့တဲ့ မုတ်သုံဦးနဲ့ မုတ်သုံလယ်ကို သိပြီနော်"။

"ဟုတ်ကဲ့ပါအန်တီ။"

"အေး. . ဒါဆိုရင် နောက်ဆုံးအပိုင်းဖြစ်တဲ့ မုတ်သုံနှောင်းကာလကို ပြောပြမယ်။"

"မုတ်သုံနှောင်းကာလ (Post Monsoon Period)က စက်တင်ဘာလ ၁ ရက်ကနေ မုတ်သုံလေ တစ်ပြည်လုံးမှာ ပြန်လည်ဆုတ်ခွာတဲ့ နေ့အထိပဲကွဲ့။ တော်သလင်းလမှာ ရွာတဲ့မိုးက အနောက်တောင်မုတ်သုံလေကြောင့်မဟုတ်ဘဲ မြန်မာနိုင်ငံအရှေ့ဘက်က ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုနဲ့ ထိုင်းနိုင်ငံတွေကို ဖြတ်သန်းတိုက်ခတ်လာတဲ့ လေပွေလှိုင်းတွေ၊ မုန်တိုင်းအကြွင်းအကျန်တွေကြောင့် ရွာတာပဲ။ အနောက်တောင် မုတ်သုံလေက အောက်တိုဘာလ ၁၄ ရက်၊ ၁၅ ရက်မှာ တစ်ပြည်လုံးကနေ ဆုတ်ခွာသွားတာတောင် အခါမဲ့မိုးတွေရွာပြီး မိုးရရှိနိုင်သေးတယ်။ ဒါကြောင့် မုတ်သုံဥတုကုန်ဆုံးပေမယ့်လည်း မိုးကုန်ပြီလို့ မဆိုနိုင်ဘူးလေ။ မိုးနှောင်းကာလအတွင်း စက်တင်ဘာလကုန် အောက်တိုဘာလရောက်တာနဲ့ အရှေ့ဘက်က မွန်၊ တနင်္သာရီကမ်းရိုးတန်းကို ဖြတ်ကျော်လာတဲ့ တိုင်ဖွန်မုန်တိုင်းအကြွင်းအကျန်တွေ၊ လေပွေလှိုင်းတွေ ဖိအားနည်းရပ်ဝန်း ဝင်ရောက်ဖြတ်သန်းသွားတတ်တာတွေကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွေမှာ မိုးပိုများတတ်တယ်။ အနောက်တောင်မုတ်သုံလေ ဆုတ်ခွာသွားပြီး အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ် နိုင်ငံဘက်ကနေ မြန်မာပြည်ဘက်ကို ဦးတည်ရွေ့လျားလာတဲ့ လေပွေလှိုင်းတွေ၊ ဖိအားနည်းရပ်ဝန်းတွေအပြင် အထက်လေထုလွှာအတွင်း အနောက်ဘက်က ရွေ့လျားလာတဲ့ လေအေးလှိုင်းတွေကြောင့် မြန်မာပြည်မြောက်ပိုင်းနဲ့အလယ်ပိုင်းမှာ မိုးဆက်ရွာနိုင်တယ်။ ဟိမဝန္တာတောင်တန်းမြောက်ပိုင်းမှာ အနောက်က အရှေ့ကိုရွေ့လျားလာတဲ့ လေစိုင်ဆုံတွေကြောင့် မြန်မာနိုင်ငံမြောက်ပိုင်းဒေသတွေမှာ မိုးရွာနိုင်တယ်။ အရှေ့ဘက်ကလာတဲ့ လေပွေလှိုင်းတွေကြောင့် တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတွေမှာ မိုးဆက်ရွာတတ်တယ်။ ဒါကြောင့် အခုရွာတဲ့မိုးက အရှေ့ဘက်ကလာတဲ့ လေပွေလှိုင်းတွေကြောင့် ရွာတာပဲပေါ့ကွယ်"။

"လေတိုက်တယ်ဆိုတာက. . . ဘယ်လိုတိုက်တာလဲ အန်တီ"။

"လေတိုက်တယ်ဆိုတာက လေဖိအားများတဲ့နေရာကနေ လေဖိအားနည်းတဲ့နေရာကို လေတွေ ဘေးတိုက်ရွေ့လျားတိုက်ခတ်သွားတာလေ။ နောက်ပြီးတော့ မြေပြင်နဲ့အပြိုင် ဒါမှမဟုတ်၊ မြေပြင်တစ်လျှောက် လားရာအရပ်တစ်ခုစီကို ရွေးရွေ့ရွေ့လျားနေတဲ့လေကိုတော့ တိုက်လေ (Wind) လို့ ခေါ်တာပေါ့။ တိုက်လေကို လူတွေရဲ့ ခံစားချက်ကိုလိုက်ပြီး အမျိုးမျိုး အဓိပ္ပာယ်ဖွင့်ဆိုကြတာပေါ့ကွယ်။ စိတ်ညစ်စရာ၊ စိတ်ရှုပ်ထွေးစရာတွေ ကြုံတွေ့နေတဲ့အချိန်မှာ တိုက်တဲ့လေကို "လေရူးလေပွေ" လို့ ဆိုနိုင်သလို၊ စိတ်တုန်လှုပ်ချောက်ချားဖွယ်ရာနဲ့ ရင်ဆိုင်ကြုံတွေ့နေချိန်မှာ တိုက်တဲ့လေကို "လေနီလေကြမ်း" တိုက်တယ်လို့ ဆိုပြန်ရော. .၊ ချစ်ခြင်းမေတ္တာတရားတွေနဲ့ စိတ်ကြည်နူးဖွယ်ကောင်းတဲ့အချိန်မှာ တိုက်တဲ့လေကတော့ "အချစ်လေပြည် လေညင်း" လေးတွေပေါ့ကွယ်။"

"ကဲ. . . ဒီလောက်ဆိုရင် သားသားနားလည်ပြီပေါ့နော်. . . "။

"ဟုတ်ကဲ့. . . သားနားလည်သွားပါပြီ အန်တီ၊ ကျေးဇူးတင်ပါတယ်ခင်ဗျ"။

ကျွန်မလည်း ရှင်းပြရတာ အတော်ကလေးအချိန်လင့်သွားပြီဆိုတော့ တူလေး လွင်မင်းခန့်ရဲ့ ကျေးဇူးတင်စကားကို ဆုံးအောင်ပင် နားမထောင်နိုင်တော့ဘဲ နောက်ဖေးမီးဖိုချောင်ကိုသာ အပြေးကလေး ထွက်ခဲ့မိပါတော့တယ်။ ။

အိန္ဒိယတိုက်ငယ်နှင့် မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ ဒေသအလိုက် စတင်ဝင်ရောက်သည့်ရက် အခြေပြမြေပုံ။

၂၀၁၁ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဇူလိုင် ၂၇

၂၀၁၁ ခုနှစ် စက်တင်ဘာ ၈ ရက်တွင်ကျရောက်မည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၁၁ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

ဆောင်းပါးပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်လိုသူများသည် လူ့ဘောင်ပြည့်ရွာသာယာရေး စာတတ်မြောက်ရေးကြိုးပမ်းပေး ခေါင်းစဉ်ဖြင့် စာလုံးရေ ၃၀၀၀ ထက်မနည်း ၄၀၀၀ ထက်မများ ရေးသားယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူကို ကွန်ပျူတာ၊ လက်နှိပ်စက်၊ လက်ရေး ကြိုက်နှစ်သက်ရာဖြင့် A4 အရွယ်အစားစာမျက်နှာ တစ်ဖက်တည်းတွင် ရှင်းလင်းပြတ်သားစွာ ရေးသားဖော်ပြ၍ စာမူနှစ်စောင်(မူရင်းနှင့်မိတ္တူ)၊ ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်၊ ကိုယ်ရေးအကျဉ်းနှင့် ရောင်စုံလိုင်စင်ဓာတ်ပုံ (၁လက်မခွဲ×၂လက်မ) သုံးပုံတို့ကို စာအိတ်တွင် လုံခြုံစွာထည့်ပြီး ဦးခင်မောင်လူ(ညွှန်ကြားရေးမှူး မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ ဦးစီးဌာန) ရုံးအမှတ်(၅၂) နေပြည်တော်သို့ ဩဂုတ် ၁၉ ရက် (သောကြာနေ့) နောက်ဆုံးထား ပေးပို့ရမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၁၆၄ သို့ ဆက်သွယ်နိုင်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈-၇-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အဂ္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၀	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၁၅	၈။	အဆိုပြိုင်ပွဲ
၈း၂၀	၉။	အကပဒေသာ
၈း၃၀	၁၀။	"နင်းကြည့်စမ်းပါ"
၈း၄၀	၁၁။	International News
၈း၄၅	၁၂။	တေးဂီတအစီအစဉ်
၉း၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၃း၁၅	၁။	2014 World Cup ဒုတိယအဆင့် ခြေစစ်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် မြန်မာအသင်းနှင့် အိုမန်အသင်း
၅း၁၅	၂။	တေးဂီတအစီအစဉ်
၅း၂၅	၃။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
၅း၄၀	၄။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၄၅	၅။	သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
၆း၀၀	၆။	ညနေခင်းသတင်း
၆း၁၅	၇။	မိုးလေဝသအခြေအနေ
၆း၂၀	၈။	**ပျော်ရွှင်စေသောနေ့ရက်များ "အချစ်ကော်ဖီ"(အပိုင်း-၆၀)**
၆း၄၀	၉။	ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၀၀	၁၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ကြံ့ကြံ့ဖန်ဖန်အမွေဆိုင်" (အပိုင်း-၁၃)**
၈း၀၀	၁၁။	ပြည်တွင်းသတင်း
	၁၂။	နိုင်ငံတကာသတင်းများ
	၁၃။	မိုးလေဝသအခြေအနေ
	၁၄။	**"အစာလည်းဆေး ဆေးလည်းအစာ"**
	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ "နှောင်ကြိုး" (အပိုင်း-၁၇)**
	၁၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသော မေတ္တာ" (အပိုင်း-၈၀)**
	၁၇။	အစီအစဉ်ပြီး၏။

မြစ်ရေကြီးခြင်းသတိပေးချက်

နေပြည်တော် ဇူလိုင် ၂၇

ဧရာဝတီမြစ်ရေသည် ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဟင်္သာတမြို့တွင် ၁၃၀၇ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာသို့ ရောက်ရှိနိုင်သည်ဟု မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

မြစ်ရေကြီးမှုအခြေအနေ

စစ်တောင်းမြစ်ရေသည် ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၀၉၇ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၇ စင်တီမီတာ (၁ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၉၉ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၄၉ စင်တီမီတာ(၁ ပေခွဲခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာ အောက်သို့ ကျဆင်းနိုင်သည်။

ငဝန်မြစ်ရေသည် ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် ၁၁၅၇ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၇ စင်တီမီတာ(၁ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

မိမိတို့နိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်ရာတွင် စိုက်ပျိုးရေးအခြေခံ စက်မှုနိုင်ငံဖြစ်လာရန် ကြိုးပမ်း နိုင်ငံတကာအတွေ့အကြုံများကိုရယူ၍ မိမိတို့လည်း ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်စေရန် ကြိုးပမ်းဆောင်ရွက် နိုင်ငံကို စက်မှုနိုင်ငံအဖြစ် တည်ဆောက်ရာတွင် တီထွင်ဆန်းသစ်မှုများကိုလည်း အစဉ်တစိုက် အကောင်အထည်ဖော်

နေပြည်တော် ဇူလိုင် ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် ဇူလိုင် ၂၆ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ မန္တလေး နည်းပညာတက္ကသိုလ်သို့ ရောက်ရှိသည်။

ထို့နောက် ပင်မစာသင်ဆောင်စုဝေးခန်းမ၌ ဒုတိယသမ္မတအား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦးက ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် သုတေသနလုပ်ငန်းများအနက် မော်တော်ကားအင်ဂျင်များ သုတေသနပြုထုတ်လုပ်မှုအဆင့်ဆင့်နှင့် စမ်းသပ်မောင်းနှင်မှု၊ Locomotive Engine Head၊ Computer Numerical Control စက်များနှင့် GMW Francis Turbine များ စမ်းသပ်ထုတ်လုပ်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မန္တလေးနည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဒေါ်မြမြဦးက ဇီဝနည်းပညာဌာနမှ သုတေသနဆောင်ရွက်မှုလုပ်ငန်းများနှင့် တက္ကသိုလ်ဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် သိလိုသည်များကို မေးမြန်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် မြေပေါ်မြေအောက် ရေအောက်သဘာဝသယံဇာတ ပေါများကြွယ်ဝသည့်အလျောက် ယင်းသယံဇာတများကို စီးပွားဖြစ်ထုတ်ယူအသုံးပြုနိုင်ရန် အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်များဖြစ်ကြသော နည်းပညာရှင်များ၊ သုတေသနပညာရှင်များနှင့် အင်ဂျင်နီယာများ အလုံအလောက်ရှိရန်သည် အထူးအရေးပါနေကြောင်း တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ယင်းပညာရှင်များကို ယခုရောက်ရှိနေသည့် နည်းပညာတက္ကသိုလ်ကပင် မွေးထုတ်ပေးရမည်ဖြစ်ပါကြောင်း။

သတင်းအချက်အလက်နည်းပညာရပ်များ တိုးတက်မြင့်မားလာသည်နှင့်အမျှ အဆင့်မြင့် ဆက်သွယ်ရေးနည်းပညာများသည်လည်း ပြောင်းလဲတိုးတက်နေသည့်အတွက် ကမ္ဘာတစ်ဝန်း ရင်ပေါင်တန်းနိုင်ရန် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာရပ်များ၊ အီလက်ထရွန်နစ်ဆိုင်ရာ အဆင့်မြင့်အင်ဂျင်နီယာဘာသာရပ်များလည်း ပြောင်းလဲတိုးတက်ရမည် ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံကို စက်မှုနိုင်ငံအဖြစ် တည်ထောင်ရာတွင်လည်း ခေတ်မီစက်ပစ္စည်းများ၏ အရည်အသွေးနှင့် စက်ပစ္စည်းများကို ထိန်းချုပ်နိုင်ရန် နည်းပညာကျွမ်းကျင်မှုများလည်း လိုအပ်လျက်ရှိပါကြောင်း၊ ကွန်ပျူတာပညာရပ်၊ ICT ပညာရပ်နှင့် စက်မှုပညာရပ်များအပြင် ဇီဝနည်းပညာရပ်တို့မှ သုတေသနလုပ်ငန်းများကို ကျယ်ပြန့်စွာလုပ်နိုင်မှသာ အကျိုးစီးပွားဖြစ်ထွန်းနိုင်မည်ဖြစ်သကဲ့သို့ လူ့စွမ်းအားအရင်းအမြစ်များနှင့်လည်း ထိရောက်စွာ ပေါင်းစပ်အသုံးချမှသာလျှင် အကျိုးဖြစ်ထွန်းမည်ဖြစ်ပါကြောင်း။

စစ်တမ်းများအရ GDP မြင့်မားသည့် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများတွင် သိပ္ပံနှင့်နည်းပညာ ပညာရှင်အချိုး မြင့်မားနေသည်ကိုတွေ့ရမည်ဖြစ်ပြီး ပညာရှင်အချိုးနည်းသည့်နိုင်ငံများ၌ GDP နည်းသည်ကို တွေ့မြင်ရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် လက်ရှိဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို တိုးမြှင့်ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးကိုအခြေခံသော စက်မှုနိုင်ငံတော်ဖြစ်လာစေရန် ကြိုးပမ်းသွားရမည် ဖြစ်ပါကြောင်း။

ယနေ့ခေတ်သည် IT ခေတ်ဖြစ်သဖြင့် ကမ္ဘာကြီးသည် ကမ္ဘာ့ရွာဖြစ်လာသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သဘောထားအယူအဆများလည်း ပြောင်းလဲလာပြီဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံ တော်တော်များများသည် IT Out- Sourcing များဖြင့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးရယူနိုင်ခဲ့ကြခြင်းဖြစ်ပြီး နိုင်ငံတကာအတွေ့အကြုံများကို ရယူ၍ မိမိတို့လည်း ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်စေရန် ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပုသိမ်ကြီးမြို့နယ်ရှိ မန္တလေး နည်းပညာတက္ကသိုလ်၌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဌာနများ၏ သုတေသနလုပ်ငန်းဆောင်ရွက်ချက်များနှင့် စမ်းသပ်ထုတ်လုပ်ထားမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နည်းပညာပိုင်းဆိုင်ရာ တိုးတက်မှုများကြောင့် အောင်နိုင်ခြင်း၊ တိုးတက်ခြင်းရလဒ်၏ သာဓကတစ်ခုကိုကြည့်မည်ဆိုလျှင် စင်ကာပူသည် လူဦးရေ လေးသန်းမျှသာရှိသည့် ကျွန်းနိုင်ငံလေးသာဖြစ်သော်လည်း နည်းပညာကို အကျိုးရှိစွာအသုံးပြုနိုင်သည့်အတွက် ဖွံ့ဖြိုးသောနိုင်ငံအဖြစ်သို့ ရောက်နိုင်ခဲ့ပါကြောင်း။

နိုင်ငံကို စက်မှုနိုင်ငံအဖြစ် တည်ဆောက်ရာတွင် တီထွင်ဆန်းသစ်မှုများကိုလည်း အစဉ်တစိုက် အကောင်အထည်ဖော်နိုင်ရန်လိုအပ်သကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးအခြေအနေနှင့် အံဝင်ခွင်ကျဖြစ်ရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ ယနေ့အချိန်အထိ ဤတက္ကသိုလ်ကြီးက လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ခဲ့ရာတွင် ဒီပလိုမာ၊ ဘွဲ့ကြို၊ ဘွဲ့လွန်နှင့် ပါရဂူဘွဲ့အင်ဂျင်နီယာများ၊ ကွန်ပျူတာပညာရှင်များအပြင် အသုံးချသိပ္ပံပညာရှင်များကို များစွာမွေးထုတ်ပေးနိုင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်အထိ ပါရဂူဘွဲ့ရဦးရေသည် ၁၅၀၀ ခန့်နှင့် မဟာဘွဲ့ရ ပညာရှင်များစွာကိုလည်း မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ နည်းပညာရှင်၊ ကွန်ပျူတာပညာရှင်၊ အင်ဂျင်နီယာများနှင့် ဇီဝနည်းပညာရှင်များသည် မိမိတို့သင်ကြားတတ်ကျွမ်းထားသော အတတ်ပညာ၊ ဆည်းပူးထားသောအသိပညာများဖြင့် ထိရောက်အသုံးဝင်သည့် သုတေသနလုပ်ငန်း ရလဒ်များကိုအသုံးချပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်လာစေရန် သယ်ပိုးထမ်းရွက်သွားကြပါဟု တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ မန္တလေးနည်းပညာတက္ကသိုလ်၊ မန္တလေးကွန်ပျူတာတက္ကသိုလ်၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ နည်းပညာသုတေသနဌာန(ပြင်ဦးလွင်)၊ ဗဟိုစက်မှုအလုပ်ရုံ (ကျောက်ဆည်)နှင့် သတ္တုဗေဒသုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဌာန(အေလာ)တို့၏ သုတေသနလုပ်ငန်းဆောင်ရွက်ချက်များနှင့် စမ်းသပ်ထုတ်လုပ်ထားမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် ပုသိမ်ကြီးမြို့နယ် ရှင်တော်ကုန်းကျေးရွာအုပ်စုရှိ တောင်သူ ဦးတင်ယု၏ ပေါင်းစည်းလယ်ယာစိုက်ပျိုးရေးလုပ်ငန်းသို့ ရောက်ရှိကြရာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်သန်းက ဧရိယာ ၇ ဒသမ ၂၃ ဧကရှိ လယ်မြေ၌ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ တွဲဖက်၍ တစ်ပြိုင်တည်း ပေါင်းစပ်ဆောင်ရွက်နေမှု၊ ကုန်ကျစရိတ်၊ အကျိုးအမြတ်နှင့် ဝင်ငွေရရှိမှု၊ တစ်နှစ်လျှင်မိုးစပါး၊ ကုလားပဲနှင့်နွေစပါး သုံးသီး စိုက်ပျိုးထုတ်လုပ်အောင်မြင်နေမှု၊ မှိုစိုက်ပျိုးထုတ်လုပ်မှု၊ ဝက်၊ ဆိတ်၊ ကြက်နှင့် ငါးမွေးမြူထားမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတသည် တောင်သူ ဦးတင်ယုအား တွေ့ဆုံအားပေးစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား ပေါင်းစည်းလယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် လက်တွေ့အောင်မြင်နေသော လုပ်ငန်းဖြစ်၍ အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ လုပ်ကိုင်လာစေရေး စည်းရုံးဆောင်ရွက်ရန်နှင့် လိုအပ်သည်များကို ပံ့ပိုးကူညီပေးရန်၊ မန္တလေးတိုင်းဒေသကြီးအတွင်း သူ့နေရာ၊ သူ့ရွာအလိုက် သင့်တော်သည့် လယ်၊ ယာ၊ ခြံ၊ ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ ငါး မွေးမြူစိုက်ပျိုးခြင်းတို့ကို တကယ် လက်တွေ့ကျကျ လုပ်နိုင်စေရန် လိုအပ်သော မျိုး၊ နည်းပညာအကူအညီ၊ လိုအပ်သော ငွေကြေးပံ့ပိုးမှု၊ ထုတ်ချေးမှုတို့ကို ကျေးရွာတိုင်းအထိ ကွင်းဆင်းဆောင်ရွက်ရန်နှင့် ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဒေသခံရွာများမှ ကျေးလက်ကျန်းမာရေးလုပ်သား၊ အရန်သားဖွားများဖြင့် စတင်ဆောင်ရွက်ပေးရန်၊ ကျေးရွာမီးလင်းရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကို ပီပြင်စွာ လုပ်ဆောင်သွားရန်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ရေကြည်ကျေးရွာမှ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် အသေးစားချေးငွေလုပ်ငန်းထူထောင်၍ ကျေးလက်ဒေသနေ ဆင်းရဲနွမ်းပါးသူများ၏ လူနေမှုဘဝကို မြှင့်တင်ပေးရန် စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် မှိုစိုက်ပျိုးထုတ်လုပ်နေမှု၊ တီကျစ်ကန်ဖြင့် သဘာဝမြေသြဇာ ထုတ်လုပ်နေမှု၊ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးနေမှုနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပုသိမ်ကြီးမြို့နယ်ရှိ မန္တလေး နည်းပညာတက္ကသိုလ်၌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဌာနများ၏ သုတေသနလုပ်ငန်းဆောင်ရွက်ချက်များနှင့် စမ်းသပ်ထုတ်လုပ်ထားမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကျောင်းသားဗဟိုပြုသင်ကြားရေးစနစ်ဖြင့် သင်ကြားခြင်းသည်သာ အထက်တန်းနှင့် တက္ကသိုလ်အထိ အကျိုးပြုနိုင်မည် ပိုမိုကောင်းမွန်သည့် ပညာရည်စစ်ဆေးမှုစနစ်များကို ပြောင်းလဲကျင့်သုံးနိုင်ရေး အကြံပေးဆွေးနွေးကြရန်လို ကျောင်းသား၊ ကျောင်းသူများ ပညာအရည်အသွေးမြင့်မားလာရန် အရေးအကြီးဆုံးမှာ ဆရာများ အရည်အသွေးမြင့်မားရန်ဖြစ်

နေပြည်တော် ဇူလိုင် ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ အမှတ်(၂၆)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ အမှတ် (၂၆) အခြေခံပညာ အထက်တန်းကျောင်း Language Lab ၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ထို့နောက် ကျောင်းခန်းမ၌ ကျောင်းအုပ်ကြီး ဒေါက်တာသန်းထိုက်စိုးက ကျောင်းသမိုင်း၊ စာသင်ဆောင်အရေအတွက်နှင့် ကျောင်းသားအင်အား၊ နှစ်အလိုက် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မှု၊ စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ထားမှု၊ သင်ထောက်ကူပစ္စည်းများ အသုံးပြုမှုနှင့် အားကစားလှုပ်ရှားမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက ပညာသင်ကြားမှုနှင့် ပတ်သက်၍ သိလိုသည်များကို မေးမြန်းဆွေးနွေးပြီး အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ကျောင်းရှိ Language Lab၊ ရူပဗေဒ၊ ဇီဝဗေဒနှင့် ဓာတုဗေဒ လက်တွေ့ခန်းတို့၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့မှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းခန်းမ၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွေးထွေးသန်းက ကျောင်းသမိုင်း၊ စာသင်ခန်းအရေအတွက်၊ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူအင်အား၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မှုနှင့် ဂုဏ်ထူးရရှိမှု၊ ကျောင်း၏တစ်နေ့တာ လှုပ်ရှားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက ကျောင်းသား၊ ကျောင်းသူများ၏ ပညာရည်တိုးတက်မှု အခြေအနေများကို မေးမြန်းဆွေးနွေးပြီး အမှာစကားပြောကြားသည်။

ယင်းနောက် အိမ်တွင်းမှုသိပ္ပံခန်း၌ အိမ်တွင်းမှုလုပ်ငန်းများ လက်တွေ့ဆောင်ရွက်နေမှု၊ Language Lab ၌ ဘာသာစကားကျွမ်းကျင်ရေး လေ့ကျင့်သင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် e-Education Learning Centre၊ စာကြည့်တိုက်၊ Computer Aided Instruction Room၊ Computer Skills Room နှင့် စာသင်ခန်းများ၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတသည် မန္တလေးမြို့ အမှတ်(၂၆)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အမှာစကားပြောကြားရာ၌ မိမိနှင့်အဖွဲ့ဝင်များ လာရောက်ခြင်းမှာ အမှတ်(၂၆)နှင့် အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းတို့၏ အောင်မြင်မှု၊ စေတနာဖြင့် သင်ကြားမှု၊ စာမေးပွဲအောင်ချက်များ ကောင်းမွန်မှုတို့ကြောင့်လာရောက်ကြည့်ရှုအားပေးခြင်း ဖြစ်ကြောင်း၊ ယခုထက် ပိုမိုကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း။

သို့ရာတွင် ယခုသင်ကြားနေသည့်စနစ်မှာ ကျောင်းသား၊ ကျောင်းသူများသည် ဆရာ၊ ဆရာမနှင့် ကျူရှင်များအပေါ်တွင် အလွန်အမင်း မှီခိုအားထားနေခြင်းကြောင့် ကျောင်းသား၊ ကျောင်းသူကိုယ်တိုင် ကိုယ်တိုင်လေ့လာသင်ယူခြင်း၊ စဉ်းစားတွေးခေါ်သုံးသပ်ခြင်းကဲ့သို့ ကျောင်းသားဗဟိုပြုသင်ကြားရေးစနစ် ပီပြင်စွာ ပေါ်ထွန်းလာရေး၊ ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ရေးတို့အတွက် လိုအပ်သည်များကို စနစ်တကျ စဉ်းစားပြောင်းလဲသွားကြရမည်ဖြစ်ကြောင်း၊ ကျောင်းသားဗဟိုပြုသင်ကြားရေးစနစ်ဖြင့် သင်ကြားခြင်းသည်သာ အထက်တန်းနှင့် တက္ကသိုလ်အဆင့်အထိ အကျိုးပြုနိုင်မည်ဖြစ်ကြောင်း။

မူလတန်းအဆင့်ပညာရေး မသင်မနေရစနစ် ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ယခုနှစ်မှစ၍ ကျောင်းသုံးဖတ်စာအုပ်များကို မူလတန်းအဆင့်များသို့ အခမဲ့ထုတ်ပေးခြင်းများဖြင့် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ နောင်နှစ်များတွင် လေ့ကျင့်ခန်းစာအုပ်၊ ခဲတံ၊ ဘောလ်ပင်၊ လွယ်အိတ်၊ အာဟာရကျွေးမွေးခြင်းစသည့် မသင်မနေရ မူလတန်းအဆင့် လုပ်ငန်းများကိုပါ ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထို့အပြင် ပညာသင်ဆုများ ချီးမြှင့်ခြင်း၊ ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ခြင်းကို နောင်လာမည့် ပညာသင်နှစ်မှစတင်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်း အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက် အခြေခံပညာအဆင့်တွင် ကျောင်းတက်နှုန်း မြင့်မားလာစေရေးမှ စတင်ရမည် ဖြစ်ကြောင်း။

အင်္ဂလိပ်စာ အရည်အသွေးကောင်းမွန်အောင် လေ့ကျင့်သင်ကြားရာတွင် Language Lab များ၌ အလွတ်ကျက်ထားသည့် စာများကိုသာ ပြန်လည်ရွတ်ဆိုနေခြင်းများဖြင့် ကျေနပ်ရောင့်ရဲမနေဘဲ ပြင်ပအင်္ဂလိပ်စာ ပတ်ဝန်းကျင်တွင်ပါ လေ့လာသင်ယူနိုင်ရေး လမ်းညွှန်ပြသပေးရန်လိုကြောင်း၊ ပုံသေအလွတ်ကျက်နည်းကိုသာ အားကိုးလွန်း၍ ဆရာ၊ ဆရာမများနှင့် ကျူရှင်များက ရေးပေးသည့် Hand out Notes များ မရှိလျှင် ကျောင်းသား၊ ကျောင်းသူများမှာ စာမကျက်တတ်ကြတော့သဖြင့် စာကြည့်တိုက်နှင့် အင်တာနက်အသုံးပြုခြင်း၊ စာသင်ခန်းတွင် ဆရာနှင့် အပြန်အလှန်ဆွေးနွေးခြင်း၊ ကျောင်းသား၊ ကျောင်းသူ အချင်းချင်း ဆွေးနွေးခြင်း စသည့် နည်းလမ်းများဖြင့် ကိုယ်တိုင်လေ့လာသင်ယူမှု ဖွံ့ဖြိုးလာစေရန် ပြောင်းလဲသွားကြရမည်ဖြစ်ကြောင်း။

အလားတူ မြန်မာ့ယဉ်ကျေးမှု၊ ဂါရဝတရား၊ မြန်မာ့လူ့အဖွဲ့အစည်း၏ ယဉ်ကျေးသော လူနေမှုပုံစံများ ပျောက်ပျက် မသွားစေရေးအတွက် စာရိတ္တပညာရပ်၊ ပြည်သူ့နီတိ ပညာရပ်များကိုလည်း အလေးထားသင်ကြားရန် လိုအပ်ကြောင်း။

ကျောင်းများတွင် လိုအပ်သော သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံတော် အနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

ယခင်က စာမေးပွဲစစ်ဆေးသည့်စနစ်နှင့် လက်ရှိစစ်ဆေးနေသည့် စာမေးပွဲစနစ်တို့ကို နှိုင်းယှဉ်သုံးသပ်၍ ပိုမိုကောင်းမွန်သည့် ပညာရည်စစ်ဆေးမှု စနစ်များကို ပြောင်းလဲကျင့်သုံးနိုင်ရေးအတွက် ဆရာ၊ ဆရာမများက အကြံပေးဆွေးနွေးကြရန် လိုအပ်ကြောင်း။

ကျောင်းသား၊ ကျောင်းသူများ၏ ပညာအရည်အသွေး မြင့်မားလာရန်အတွက် အရေးအကြီးဆုံးမှာ ဆရာများ၏ အရည်အသွေး မြင့်မားလာရန်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများအား စာမေးပွဲတွင် မိမိကိုယ်တိုင်ဖွင့်သည့် ကျူရှင်ကစာကို ပြန်မေးပြီး အအောင်ပေးခဲ့လျှင် နိုင်ငံတကာပညာရေးအဆင့်၊ အာဆီယံပညာရေးအဆင့်မီရန်မည်သို့မျှ မဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများကို အတန်းထဲတွင် မေးခွန်းမေးရဲသည့်အဆင့်၊ မေးခွန်းမေးနိုင်သည့်အဆင့်၊ ထိုမှတစ်ဆင့် ၎င်းတို့ကိုယ်တိုင် စဉ်းစားတွေးခေါ်နိုင်သည့်အဆင့်သို့ တိုးတက်ပြောင်းလဲအောင် လမ်းညွှန်သင်ကြားသွားရန်လိုအပ်ကြောင်း။

ထို့အပြင် နေ့စဉ်အချိန်တိုင်း ကျောင်းစာများကိုသာ အလွတ်ကျက်နေပြီး ကျန်းမာရေးချို့တဲ့သည့် ရှုနာရှိုက်ကုန်းကလေးမျိုး မဖြစ်စေရန် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်းသည် ဉာဏ်ရည်ဉာဏ်သွေး ပိုမိုကောင်းမွန်အောင် အထောက်အကူပြုနိုင်သည်ကို ကျောင်းသား၊ ကျောင်းသူများ သိရှိနားလည်အောင် သင်ကြားသွားရမည်ဖြစ်ကြောင်း။

ကျောင်းများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကျောင်းများဖြစ်လာစေရန်အတွက် သစ်ပင်စိုက်ပျိုးခြင်း၊ အမှိုက်များ စနစ်တကျစွန့်ပစ်ခြင်း၊ သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ခြင်း စသည့် ကောင်းသော အမူအကျင့်များ စွဲမြဲသွားစေရန် သင်ကြားပေးရမည်ဖြစ်ကြောင်း။

နောင်တွင် ပုဂ္ဂလိကပညာသင်ကျောင်းများ ပေါ်ပေါက်လာတော့မည်ဖြစ်၍ ပုဂ္ဂလိကကျောင်းများနှင့် ယှဉ်ပြိုင်ကာ သင်ကြားနိုင်ရေးအတွက် ယခုကပင် ပြင်ဆင်ကြိုးစားကြရန် လိုအပ်ကြောင်း။

ယခုအခါ အခြေခံပညာရေးကဏ္ဍ ဖွဲ့စည်းပုံတွင် မြို့နယ်ပညာရေးမှူးများ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များ ပိုမိုထိရောက်စေရန် ပြန်လည်စဉ်းစားသုံးသပ်လျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထိရောက်ဆုံးနှင့် အကောင်းဆုံးဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း အကျယ်တဝင့် လမ်းညွှန်မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ချမ်းမြသာစည်မြို့နယ်ရှိ ကိုယ်ပိုင်ကျောင်း သူရိန်နန်းဘော်ဒါဆောင်သို့ ရောက်ရှိကြရာ ကျောင်းအုပ်ချုပ်ရေးမှူး ဒေါက်တာဒေါ်စန္ဒီမောင်က ကျောင်းတည်နေရာ၊ ကျောင်းသမိုင်း၊ ဆရာ၊ ကျောင်းသားအချိုး၊ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်မှုနှင့် ဂုဏ်ထူးရရှိမှု၊ ကျောင်းသားဦးရေ၊ စာသင်ခန်းများနှင့် ကျောင်းသား၊ ကျောင်းသူ အိပ်ဆောင်များ စီစဉ်ထားမှုတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး အမှာစကားပြောကြားကာ စာသင်ဆောင်များနှင့် ကျောင်းသား၊ ကျောင်းသူ အိပ်ဆောင်များကို လှည့်လည်ကြည့်ရှုသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ အမှတ် (၁၆) အခြေခံပညာ အထက်တန်းကျောင်း Computer Skills Room ၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာယ၊ ဉာဏ၊ မိတ္တ ထူးချွန်သူ လူချွန်လူကောင်းများ ပေါ်ထွက်လာရေး၊ နိုင်ငံတကာအဆင့်မီပညာရေး ပေါ်ပေါက်လာရေး ဝိုင်းဝန်းကြိုးပမ်း

○ ကျောဖုံးမှ

သို့ရာတွင် တက္ကသိုလ်ကြီးများမှ မွေးထုတ်ပေးလိုက်သော ဘွဲ့ရသူများသည် အရေအတွက်အားဖြင့် များပြားလာသော်လည်း အရည်အသွေးအားဖြင့် တဖြည်းဖြည်းကျလာသည်ကို လည်းကောင်း၊ သင်ကြားပေးသော ဆရာ၊ ဆရာမများသည်ပင်လျှင် အရည်အသွေးပြည့်ဝသော ဆရာ၊ ဆရာမများ နည်းပါးလာသည်ကို လည်းကောင်း တွေ့မြင်ရသဖြင့် လိုအပ်သောပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်က ပညာရေးကဏ္ဍအဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ပညာရေးအတွေ့အကြုံ ရင့်ကျက်သည့် ဆရာကြီး၊ ဆရာမကြီးများအား ဖိတ်ခေါ်ကျင်းပပြုလုပ်ကာ အဖြေရှာခဲ့ပါကြောင်း။

အလုပ်ရုံဆွေးနွေးပွဲမှ အကြံပြုတင်ပြလာသော အချက်များထဲမှ အချို့ကို ကောက်နုတ်ရမည်ဆိုလျှင် အရည်အသွေးပြည့်ဝသော ဆရာ၊ ဆရာမနှင့် ကျောင်းသား အချိုးအစား မျှတမှု ရှိစေလိုခြင်း၊ ကျောင်းသားများကို စူးစမ်းတီထွင်လို၍ မေးခွန်းမေးတတ်သော သင်ကြားနည်းမျိုးဖြင့် သင်စေခြင်း (Student Centred Approach)၊ ဘွဲ့ကြိုကာလနှစ်များကို ဖောင်ဒေးရှင်း အပြည့်အဝရစေရန် ယခုသင်ကြားပေးနေသောကာလထက် တစ်နှစ်ပိုမို သင်ကြားပေးစေခြင်း၊ ကျူရှင်ပေးသောစနစ်သည် မလိုလားအပ်သော ကုန်ကျစရိတ်ရှိလာ၍ မှီခိုလိုသော စိတ်ဓာတ်ကို မွေးမြူပေးသည့် စနစ်ဖြစ်သည့်အတွက် မလိုအပ်ခြင်း၊ နောက်ဆက်တွဲစာမေးပွဲစနစ် (Supplementary Exam) သည် ကျောင်းသားများကို နှစ်စကပင် စာကြိုးစားလိုစိတ်လျော့စေခြင်း၊ နိုင်ငံတွင် မပါလျှင်မပြီးသော English Language Skill အားနည်းနေခြင်း၊ သုံးနှစ်အတွင်း မဟာဘွဲ့နှစ်ခု ရနိုင်သော စနစ်ကို ရှောင်ရှားရန်လိုအပ်ခြင်း၊ သုတေသနပြုလုပ်ရာတွင် ကိုယ်တိုင် အားထုတ်လိုစိတ်နည်းပါး၍ ဆရာများအပေါ်သာ မှီခိုအားထားမှုများ များပြားလာခြင်း၊ ပုဂ္ဂလိကကျောင်းများ၊ တက္ကသိုလ်များ ပိုမိုဖွင့်လှစ်ခွင့်ပေးရန် လိုအပ်ခြင်း၊ ပညာသင်ဆုနှင့် ပညာသင် ထောက်ပံ့ကြေးစနစ်ကို ပြန်လည်ကျင့်သုံးစေလိုခြင်းတို့ ဖြစ်ပါကြောင်း။

တက္ကသိုလ်ဆိုသည်မှာ ရောင်စုံပန်းများပွင့်လန်းရာ ဉယျာဉ်ကြီးနှင့် တူပါကြောင်း၊ ထို့အတူ တက္ကသိုလ်ဆရာ၊ ဆရာမများသည် ပန်းဉယျာဉ်မှူးများနှင့် တူပါကြောင်း၊ ပန်းအမျိုးပေါင်း ၁၀၀ မက ဝေဝေဆာဆာပွင့်ဖူးလာပါမှ စည်ပင်သာယာလှပသောဉယျာဉ်ကြီး ဖြစ်လာနိုင်မည်ဖြစ်ကြောင်း။

ထိုသို့ ဖြစ်လာစေရန် ဉယျာဉ်မှူး ဆရာ၊ ဆရာမများက မျှတစွာမြင်နိုင်ကြ၍ နိုင်ငံတော်၏ ရည်မှန်းချက်များဖြစ်သော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကာယ၊ ဉာဏ၊ မိတ္တထူးချွန်သူ လူချွန်လူကောင်းများ ပေါ်ထွက်လာရေး၊ နိုင်ငံတကာအဆင့်မီ ပညာရေးအဆင့်အတန်း ပေါ်ပေါက်လာရေး ဝိုင်းဝန်းကြိုးပမ်းပေးကြစေလိုပါကြောင်း။

နိုင်ငံတော်ကလည်း ပညာသင်ဆုများ၊ ထောက်ပံ့ကြေးများသာမက ပညာရေးဝန်ထမ်းများအတွက် လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာရေး ဆောင်ရွက်ချက်များကို အချိန်အခါပေးလျှင် ပေးသကဲ့သို့ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ပင်မစာသင်ဆောင်၌ ခင်းကျင်းပြသထားသည့် တက္ကသိုလ်ရှိ ဘူမိဗေဒဌာန၊ ရုက္ခဗေဒဌာန၊ ဇီဝဗေဒဌာန၊ ရူပဗေဒဌာန၊ ဓာတုဗေဒဌာန၊ ရှေးဟောင်းသုတေသနပညာဌာန၊ မနုဿဗေဒဌာန၊ ဥပဒေပညာဌာနနှင့် အင်္ဂလိပ်စာဌာနတို့မှ သုတေသနလုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့် သုတေသနကျမ်းများကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မန္တလေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ အစည်းအဝေးခန်းမ၌ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ထိုမှတစ်ဆင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် ချမ်းမြသာစည်မြို့နယ် (၆၅)လမ်းနှင့် ချယ်ရီလမ်းထောင့်ရှိ ကိုယ်ပိုင်ကျောင်း VEC ပညာ့ရိပ်သာသို့ ရောက်ရှိကြရာ စီမံအုပ်ချုပ်သူ ဒေါ်ဝင်းဝင်းမေက ပညာ့ရိပ်သာ၏ သမိုင်းအကျဉ်း၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်မှုနှင့် ဂုဏ်ထူးရရှိမှု၊ စာသင်ဆောင်များနှင့် အိပ်ဆောင်များ စီစဉ်ထားမှု၊ ဆရာ၊ ဆရာမနှင့် ကျောင်းသားအင်အားတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက ကျောင်းအတွက် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို မေးမြန်းဆွေးနွေးပြီး အမှာစကားပြောကြားကာ ကျောင်းစာကြည့်တိုက်၊ Science Lab နှင့် Computer Room တို့ကို လှည့်လည်ကြည့်ရှုသည်။

ဒုတိယသမ္မတသည် ကိုယ်ပိုင်ကျောင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် အမှာစကားပြောကြားရာ၌ နိုင်ငံတော်က ပုဂ္ဂလိကကျောင်းများ ပေါ်ပေါက်လာစေရန် ရည်ရွယ်ပြီး ရှေ့ပြေးစမ်းသပ် အစီအစဉ်အဖြစ် ယာယီဖွင့်လှစ်ခွင့်ပြုထားသော ကျောင်း ၁၁ ကျောင်းအနက် မန္တလေးမြို့ရှိ ကျောင်းများ၏ အခြေအနေမှန်ကို သိရှိနိုင်ရန်၊ အားသာချက်များကို အားပေးရန်နှင့် အားနည်းချက်များကို ပြုပြင်ပေးရန်အတွက် မိမိတို့လာရောက်ကြခြင်းဖြစ်ကြောင်း။

ပုဂ္ဂလိကကျောင်းများ ထူထောင်ကြရာတွင် ကျောင်းနှင့် ကျောင်းသားသာမက စီးပွားရေး အကျိုးအမြတ်အတွက်ပါ ထည့်သွင်းစဉ်းစားလာကြမည်ဖြစ်သော်လည်း ကျောင်းနှင့် ကျောင်းသား နှစ်ဦးနှစ်ဖက်စလုံး အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

သို့ဖြစ်၍ ယခုယာယီစမ်းသပ်ဖွင့်လှစ်သည့် ကျောင်းများအဆင့်ကပင် ကလေးဗဟိုပြု သင်ကြားရေးစနစ် အောင်မြင်စေရေး၊ စာကြည့်တိုက်နှင့် အင်တာနက်များအသုံးပြုခြင်းဖြင့် Self Study လုပ်နိုင်သည်အထိ ပျိုးထောင်လေ့ကျင့်ပေးရေး၊ စာသင်ခန်းများသည် အလင်းရောင်၊ အကျယ်အဝန်း၊ နေရာ၊ လေဝင် လေထွက်၊ ပရိဘောဂစသည့် သတ်မှတ်ချက်များနှင့် ပြည့်စုံစေရေး၊ အိပ်ဆောင်၊ စားသောက်ဆောင်၊ စားရေးသောက်ရေးများသည် ကျန်းမာရေးနှင့် ညီညွတ်မျှတပြီး ကျောင်းသား၊ ကျောင်းသူများ၏ ပညာရည်ဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်သည့် အဆင့်မျိုးဖြစ်စေရေး၊ ထို့အပြင် ပုဂ္ဂလိကကျောင်းများသည် ကျောင်းသား၊ ကျောင်းသူများအတွက် ကျန်းမာရေး၊ ပညာရေး၊ စိတ်ဓာတ်၊ လုံခြုံရေး၊ အကျင့်စာရိတ္တ စသည့် လိုအပ်ချက်အားလုံးကို ဖြည့်ဆည်းပေးနိုင်ရေး၊ စာမေးပွဲ အောင်ရုံသာမက ကိုယ်ရည်ကိုယ်သွေးကောင်းမွန်သည့် အဆင့်မျိုး အထိရရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားရေးတို့ကို အသေးစိတ်မှာကြားသည်။ (သတင်းစဉ်)

စက်မှု၊ အီလက်ထရွန်နစ်၊ IT လုပ်ငန်းများ နှစ်နိုင်ငံ နည်းပညာလွှဲပြောင်းပေးရေး ရင်းနှီးစွာဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၇

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jose Carlos da Fonseca Junior သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၈) ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကျိုးရှိစေမည့် စက်မှုလုပ်ငန်းများ၊ အီလက်ထရွန်နစ်လုပ်ငန်းများနှင့် IT လုပ်ငန်းများကို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး နည်းပညာလွှဲပြောင်းပေးရေးဆိုင်ရာများကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် သမ္မတရုံးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးလ် ပြည်ထောင်စု သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jose Carlosda Fonseca Junior လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မော်လိုက်ခရိုင် ဒေသခံ အရန်သားဖွား သင်တန်းဖွင့်

နေပြည်တော် ဇူလိုင် ၂၇

မော်လိုက်ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ခရိုင်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ဒေသခံအရန်သားဖွားဆရာမသင်တန်း (၁/၂၀၁၁)ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီတွင် ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ ခေတ္တ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာအေးကိုနှင့် ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ ဒေါ်ခင်ထွန်းတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများနှင့် သင်တန်းသူ ၁၆ ဦးတို့တက်ရောက်ကြသည်။ အဆိုပါသင်တန်းမှာ ဒုတိယအကြိမ်ဖြစ်ပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ဇီဝမျိုးစုံ မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

အထက ရွှေညောင် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၇

ရှမ်းပြည်နယ်တောင်ပိုင်း ရွှေညောင်မြို့ အထက်တန်းကျောင်း၌ ၁၉၅၅ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့ကြသော အသက် (၅၅) နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူများ စုပေါင်း၍ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများ တွေ့ဆုံပွဲကို အောက်တိုဘာ ၁၂ရက်တွင် ကျင်းပမည်ဖြစ်သည်။ ဖိတ်စာများ ပေးပို့နိုင်ရန်အတွက် ဆရာကြီး၊ ဆရာမကြီးများမှ ဆက်သွယ်ပေးကြပါရန်၊ ကျောင်းသား၊ ကျောင်းသူများ အားလုံးမပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ကျင်းပရေးကော်မတီရုံးခန်း (ရွှေညောင်လူငယ်စာကြည့်တိုက်) ဖုန်း-၀၈၁-၄၅၃၈၆နှင့်၊ ဆရာမဒေါ်လဲ့လဲ့မူ ဖုန်း-၀၉-၄၉၃၆၄၀၁၉၊ ကိုသန်းဌေးဝင်း ဖုန်း-၀၉-၄၉၃၁၃၅၅၅၊ ကိုအောင်ကျော်စွာ ဖုန်း-၀၉-၂၀၀၃၉၉၃၊ ကိုသန်းဦး ဖုန်း-၀၈၁-၄၅၂၆၁၊ ကိုခင်မောင်အေး ဖုန်း-၀၉-၅၀၃၅၀၆၀နှင့် မစိုးစိုး ဖုန်း-၀၉-၇၃၀၂၇၅၉၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၇-၂၀၁၁ (ကြာသပတေးနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ဘဂ်ဉာဏ်မှနိဗ္ဗာန်စံခန်း" တရားတော် (ဆရာတော်ဘဒ္ဒန္တကဥ္စနသာရ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၇၈)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၂၀)**
၈း၅၀	သဒ္ဒါကြည်ဖြူကုသိုလ်ယူ သက္ကလနယ်မှရှင်(၁၀၈)ပါး ရှင်ပြုအလှူ
၉း၀၅	မွေးနေ့အလှူကုသိုလ်ယူ
၉း၂၀	Activities In The City
၉း၃၀	ဤကမ္ဘာမြေပေါ်တစ်လွှားဝယ် (ဆရာဦးအုန်းနှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
၉း၅၅	ရန်ကုန်မြင်ကွင်းကျယ်
၁၀း၂၀	JAPAN VIDEO TOPICS (Technology Inspired by Tradition)
၁၀း၂၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀း၅၅	The Champion of Dance
၁၁း၄၅	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၅	တင့်တယ်လှပခြင်းတို့ဖန်တီးပေးသူ
၁၂း၄၀	ပန်းတစ်ပွင့်တောင်မှ ကြည်နူးဖွယ် ဒါနနှင့်သာဓုခေါ်သံများ
၁း၀၀	"ဘဂ်ဉာဏ်မှနိဗ္ဗာန်စံခန်း" တရားတော် (ဆရာတော်ဘဒ္ဒန္တကဥ္စနသာရ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	Quiz Idol
၃း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၇၈)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၂၀)**
၅း၀၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ "သိင်္ဂါရဆောင်းသစ္စာ"
၅း၂၅	Activities In The City
၅း၄၀	MRTV-4 7th Anniversary ကြိုတင်ပြင်ဆင်နေမှုများ
၆း၀၀	MRTV-4 သတင်း
၆း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၇၉)**
၇း၀၅	Style ရှိမှ Star ဖြစ်မယ်
၈း၀၀	MRTV-4 သတင်း
၈း၃၀	စကားနပန်း
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၂၁)**
၁၀း၃၀	14th FINA WORLD CHAMPIONSHIPS-SHANGHAI 2011
၁၁း၃၀	အနုပညာမိုးကောင်းကင်
၁၁း၅၀	"ရွှေဖြူ"ဟုခေါ်သည် (အပိုင်း-၂)
၁၂း၁၅	ဓာတ်ပုံထဲမှအမှတ်တရများ
၁၂း၃၅	လှပဝင့်ထည် မြန်မာ့ကြိမ်ထည်
၁၂း၅၅	Celebrity Profile
၁း၃၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက်ဖေးကူမွေးမြူတို့အတူ
၁း၅၀	Shooting Location
၂း၁၀	ကလေးများအတွက် အကောင်းဆုံး (ရီဝေယံ၊ မင်းရာဇာ၊ ပန်းဖြူဖြိုးသူရကျော်) (ဒါရိုက်တာ-မင်းစိုးသီဟ)
၂း၂၅	လှပချစ်စရာလက်မှုအနုပညာ
၂း၅၀	ယဉ်ကျေးသွင်ပြင်ဝတ်စားဆင်ပိုးချိတ်အသွင်
၃း၁၀	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
၃း၃၅	မြင့်မြတ်စိတ်ထား AIKI-KEN အားကစား
၄း၀၅	တောင်ငူခေတ်ရဲ့ပုံရိပ်ပန်းချီတော်ဝင်ကေတုမတီ
၄း၃၀	တရားဓမ္မများပွားများအားထုတ်ရာ ဓမ္မဒူတတောရသာသနာ့ရိပ်သာ
၄း၅၀	ကလောမှာထင်ရှား "ရွှေဥမင်"ဘုရား
၅း၀၀	အစီအစဉ်ပြီး။

ရူပဗေဒကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တက္ကသိုလ် ရူပဗေဒကျောင်းသား၊ ကျောင်းသူဟောင်းများ (၁၉၉၁-၁၉၉၄)၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် အကြိုတွေ့ဆုံညှိနှိုင်းစည်းဝေးကို ဇူလိုင် ၃၀ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်ရှိ M3 စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဒေါက်တာဇော်လင်းသူ ဖုန်း-၀၉-၅၀၀၆၀၂၄၊ ဆန်းလင်း ဖုန်း-၀၉-၅၀၁၁၀၉၇၊ အိအိ ဖုန်း-၀၉-၅၀၅၄၈၀၀၊ သူရဝင်း ဖုန်း-၀၉-၇၃၁၄၄၀၇၀၊ မီမီကျော် ဖုန်း-၀၉-၅၀၀၄၃၅၄၊ မေသွယ်ဦး ဖုန်း-၀၉-၅၁၆၄၇၇၈၊ အောင်ဇော်မိုး ဖုန်း-၀၉-၅၁၇၉၉၃၁နှင့် ညီညီလွင် ဖုန်း-၀၉-၅၅၀၁၁၇၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မြန်မာ-ဘရာဇီးလ် နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရေးနှင့် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Jose Carlos da Fonseca Junior သည် ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ **(အပေါ်ပုံ)** မြန်မာ-ဘရာဇီးလ် နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရေးနှင့် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

သတ္တုတူးဖော်ထုတ်လုပ်ရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ ဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၇

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား အင်ဒိုနီးရှားသမ္မတနိုင်ငံ P T Surya Raya Mulia Lestari Co., Ltd. ဥက္ကဋ္ဌ Mr. Suryo Tjoe နှင့်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ **(အောက်ပုံ)** သတ္တုတူးဖော်ထုတ်လုပ်ရေးနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ သတ္တုတွင်းဦးစီးဌာနနှင့် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၇

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည်။

အမှတ်(၁)နေပြည်တော်အားကစားကွင်း အုပ်စု(င)

နယ်စပ်ရေးရာဝန်ကြီးဌာန သုံးဂိုး

(သူရလင်း၊ စောမင်းသူ၊ ထူးနိုင်ကျော်)

စီမံ/စီးပွားဝန်ကြီးဌာန နှစ်ဂိုး

(ကျော်ထက်ဝေ၊ လင်းလင်းထွင်း)

(ဒိုင်လူကြီး) ဦးစိုးခိုင်(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

အမှတ်(၂) နေပြည်တော်အားကစားကွင်း အုပ်စု(စ)

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လေးဂိုး

(ရန်နိုင်ဦး-နှစ်ဂိုး၊ အောင်ကျော်ထူးနှင့် ကျော်ထက်အောင်)

အားကစားဝန်ကြီးဌာန တစ်ဂိုး

(ရဲစွမ်းမြတ်ဟိန်း)

(ဒိုင်လူကြီး) ဦးထွန်းရှင်(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

နေပြည်တော်လယ်ဝေးအားကစားကွင်း အုပ်စု(င)

ဟိုတယ်/ခရီးဝန်ကြီးဌာန သုံးဂိုး

(အိုင်းမင်းချစ်-နှစ်ဂိုး၊ သော်ဇင်ရဲထွန်း)

ပြည်ထဲရေးဝန်ကြီးဌာန နှစ်ဂိုး

(ထွန်းထွန်းနိုင်၊ နိုင်နိုင်အောင်)

(ဒိုင်လူကြီး) ဦးဆန်းဌေး(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ယင်းပြိုင်ပွဲသို့ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဌာနဆိုင်ရာအကြီးအကဲများ လာရောက်ကြည့်ရှုအားပေးကြသည်။

၂၈-၇-၂၀၁၁ ရက်နေ့ပွဲစဉ်များ

အမှတ်(၁) နေပြည်တော်အားကစားကွင်း အုပ်စု(စ)

ကျန်းမာရေးနှင့် လဝက

အမှတ်(၂) နေပြည်တော်အားကစားကွင်း အုပ်စု(ဆ)

ကာကွယ်ရေးနှင့် လျှပ်စစ်(၁)

နေပြည်တော်လယ်ဝေးအားကစားကွင်း အုပ်စု(ဆ)

လူမှုဝန်ထမ်းနှင့် နိုင်ငံခြားရေး

(၁၀၇)

(၄၁)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘော်လီဘောပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၇

၂၀၁၁ ခုနှစ် (၄၁)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘော်လီဘောပြိုင်ပွဲကို ဩဂုတ် ၁၅ ရက်မှ ၂၂ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး အောင်ဆန်းအားကစားပြိုင်ဝင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား ဘော်လီဘောပြိုင်ပွဲနှင့် အမျိုးသမီး ဘော်လီဘောပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး အသင်းတစ်သင်းလျှင် အုပ်ချုပ်သူတစ်ဦး၊ နည်းပြတစ်ဦးနှင့် အားကစားသမား ၁၂ ဦး စုစုပေါင်း ၁၄ ဦး ပါဝင်ယှဉ်ပြိုင်ခွင့်ရှိရာ အမျိုးသားနှင့် အမျိုးသမီးအသင်း နှစ်သင်းစလုံး ပါဝင်ယှဉ်ပြိုင်သော တိုင်းဒေသကြီးနှင့် ပြည်နယ်အသင်းများသည် အဖွဲ့ချုပ်မှ အသိအမှတ်ပြုလက်မှတ်ရ ဒိုင်လူကြီးတစ်ဦး လိုက်ပါခွင့်ရှိသည်။

(သတင်းစဉ်)

အောင်ပွဲရ အမျိုးသမီး ဘတ်စကက်ဘောအသင်းအား ကြိုဆိုဂုဏ်ပြု

မြင်းမူ ဇူလိုင် ၂၇

(၄၂)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမရရှိခဲ့သော အောင်ပွဲရ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီး ဘတ်စကက်ဘောအသင်းအား အဖွဲ့ခေါင်းဆောင် ဦးကျော်ဆွေဝင်း၊ အမျိုးသမီးအသင်း အုပ်ချုပ်သူ ဒေါ်ဌေးဌေးမြင့်၊ နည်းပြ ဦးမြင့်ထူးတို့ ဦးဆောင်၍ ဇူလိုင် ၂၆ ရက် နံနက်ပိုင်းတွင် မြင်းမူမြို့သို့ ရောက်ရှိလာရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ လမ်းဘေး ဝဲ၊ ယာ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်၊ မြို့နယ်အားကစားမှူး ဦးခိုင်သန်းတိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းများ၊ အုပ်ချုပ်ရေးမှူးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြသည်။

မြို့နယ်ရုံး ရွှေပြည်သစ် အစည်းအဝေးခန်းမ၌ အောင်ပွဲရ အမျိုးသမီး ဘတ်စကက်ဘောအသင်းအား ကြိုဆိုဂုဏ်ပြုပွဲ အခမ်းအနားတွင် အဖွဲ့ခေါင်းဆောင် ဦးကျော်ဆွေဝင်းက ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်က ဂုဏ်ပြုငွေကျပ် တစ်သိန်းအား တာဝန်ရှိသူထံ ပေးအပ်ခဲ့သည်။ (သတင်းစဉ်)

ဟာဘရီဂက်စ်၏ အပြောင်းအရွှေ့ကိစ္စ ရှုပ်ထွေးနေဆဲ

လန်ဒန် ဇူလိုင် ၂၇

ဘာစီလိုနာအသင်းအနေဖြင့် အာဆင်နယ်အသင်း ခေါင်းဆောင် ဖာဘရီဂက်စ်**(ယာပုံ)**ကို ယူရိုသန်း ၄၀ ဖြင့် ခေါ်ယူရန် အလွတ်သဘောတူညီမှုရရှိခဲ့ပြီဟု ဆိုသော်လည်း ယင်းအပြောင်းအရွှေ့ကိစ္စမှာ အလွန်ရှုပ်ထွေးသည့် အဆင့်တွင်သာ ရှိနေသည်ဟု သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ဘာစီလိုနာအသင်းသည် တိုက်စစ်မှူး ဆန်ချက်ဇ်ကို ခေါ်ယူပြီးနောက်တွင် ၎င်းတို့၏ ဒုတိယပစ်မှတ်မှာ ဖာဘရီဂက်စ်ဖြစ်သည်ဟု ဆိုသည်။ ဘာစီလိုနာအသင်း တာဝန်ရှိသူများက ယခုနွေရာသီအပြောင်းအရွှေ့ ဈေးကွက်မပိတ်မီ အဆိုပါ စပိန်သားကို အရခေါ်ယူသွားမည်ဟု ထုတ်ဖော်ပြောကြားလာသည်။

ESPN

မန်စီးတီးအသင်း ဆာဂျီယိုအဂူရိုနှင့် အပြီးသတ်စာချုပ်တော့မည်ဟုဆို

လန်ဒန် ဇူလိုင် ၂၇

မန်စီးတီးအသင်းသည် အက်သလက်တီကိုမက်ဒရစ်အသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး ဆာဂျီယိုအဂူရိုကို ပေါင် ၃၉ သန်းဖြင့် ယနေ့တွင် အပြီးသတ် ခေါ်ယူစာချုပ်တော့မည်ဟု ဆိုသည်။

အာဂျင်တီးနား ဂန္ထဝင်ကစားသမား မာရာဒိုနာ၏ သားသမက်ဖြစ်သူ အသက် (၂၃)နှစ်ရှိ ဆာဂျီယိုအဂူရိုနှင့် မန်စီးတီးအသင်းတို့သည် ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုမည်ဖြစ်ပြီး မန်စီးတီးအသင်းအနေဖြင့် အဆိုပါကစားသမားကို တစ်ပတ်လုပ်ခ ပေါင်တစ်သိန်းခုနစ်သောင်း ပေးရမည်ဖြစ်သည်။ ဆာဂျီယိုအဂူရိုသည် အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် ၁၇၅ ပွဲ ကစားပေးထားရာ ၇၄ ဂိုး သွင်းယူနိုင်ခဲ့ပြီး မိခင်နိုင်ငံ အာဂျင်တီးနားအတွက် ပွဲပေါင်း ၃၀ တွင် ၁၃ ဂိုးသွင်းပေးထားသည်။ ဆာဂျီယိုအဂူရိုသည် အီတလီစီးရီးအေအသင်းကြီးများဖြစ်သည့် ဂျူဗင်တပ်စ်၊ အင်တာမီလန်နှင့် စပိန်ထိပ်တန်းအသင်းကြီး ရီးယဲလ်မက်ဒရစ်တို့၏ ကမ်းလှမ်းမှုကို ခံခဲ့ရသော်လည်း ၎င်းအနေဖြင့် အင်္ဂလန်မြေကိုသာ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ESPN

ဘောလုံးလောက အပြောင်းအရွှေ့

လန်ဒန် ဇူလိုင် ၂၇

ဇူလိုင် ၂၅ ရက်နှင့် ၂၆ ရက် ဘောလုံးလောက အပြောင်းအရွှေ့များမှာ-

ဘွန်ဂါနီကူမာလို (စပါးမှ ရီဒင်း)၊ ဒင်နီရယ်ဂက်ဘ်ဘီဒန် (ဝက်စ်ဟမ်းမှ ကျူပီအာ)၊ ကာဆာမီ (ပါလာမိုမှ ဖူလ်ဟမ်)၊ ဒေးဗစ်စတော့ဒေးလ် (ဖူလ်ဟမ်မှ အစ်ဆွစ်ချ်တောင်း)၊ ကင်နီမေလ်လာ (ဘူဆာစပေါ်မှ ကာဒက်ဖ်စီးတီး)နှင့် ဂျေးအင်မင်န်ချူရယ်သောမစ် (အာဆင်နယ်မှ အစ်ဆွစ်ချ်တောင်း) တို့ပင် ဖြစ်သည်။

ဟန်သစ်

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အားကစားသမားများ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၂၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Quan Zhou, Fujian Province ၌ ဇူလိုင် ၁၆ ရက်မှ ၂၅ ရက်အထိ ကျင်းပသည့် အာရှကရာတေးဒိုအဖွဲ့ချုပ်၏ (၁၀)ကြိမ်မြောက် အာရှအကြီးတန်းနှင့် (၁၁)ကြိမ်မြောက် သက်ငယ်တန်းကရာတေးဒိုပြိုင်ပွဲ၊ အာရှအဆင့် ဒိုင်လိုင်စင်သက်တမ်းတိုးခြင်းနှင့် အဆင့်တိုး ဖြေဆိုခြင်းတို့အတွက် အဖွဲ့ဝင်နိုင်ငံများ စုံညီအစည်းအဝေးသို့ တက်ရောက်ခဲ့ကြသော မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော် ဦးဆောင်သော နည်းပြ ဦးထိန်ဝင်းမြင့်၊ ဒိုင်အဖွဲ့ဝင်ငါးဦးနှင့် အားကစားသမား လေးဦးတို့သည် ဇူလိုင် ၂၅ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

လက်ရွေးစင် အားကစားသမားများ စခန်းသွင်းလေ့ကျင့်နေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၇

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ တွဲဖက်အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်သည် ယမန်နေ့ နံနက် ၈ နာရီတွင် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အင်းလျားကန်တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသော လှေလှော်အားကစားသမားများ၏ လေ့ကျင့်နေမှုများကို လည်းကောင်း၊ အောင်ဆန်းအားကစားပြိုင်ဝင်းအတွင်း၌ အလေးမနှင့် ဘော်လီဘော လက်ရွေးစင်အားကစားသမားများ၏ လေ့ကျင့်နေမှုများနှင့် အဆောင်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ ထူထောင်ရာတွင် ပညာတတ်လူ့အဖွဲ့အစည်းဖွံ့ဖြိုးမှ ထူထောင်နိုင်မည် နိုင်ငံတော်က ငွေကြေးအမြောက်အမြားသုံးစွဲ၍ တက္ကသိုလ်၊ ကောလိပ်၊ သင်တန်းကျောင်းများစွာ ဖွင့်လှစ်ပေးခဲ့ ပညာရေးကဏ္ဍအဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဆရာကြီး၊ ဆရာမကြီးများအား ဖိတ်ခေါ်ကျင်းပခဲ့

နေပြည်တော် ဇူလိုင် ၂၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇူလိုင် ၂၆ ရက် နံနက် ၈ နာရီတွင် မန္တလေးတက္ကသိုလ်သို့ ရောက်ရှိသည်။

ထို့နောက် တက္ကသိုလ်ပင်မစာသင်ဆောင်ရှိ အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ် ဒေါက်တာ ဒေါ်ခင်ဆွေမြင့်က တက္ကသိုလ်သမိုင်း၊ ဧရိယာအကျယ်အဝန်း၊ ကျောင်းသားဦးရေ၊ သင်ကြားလျက်ရှိသော အထူးပြုဘာသာရပ်များ၊ ဝန်ထမ်းအင်အား၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် သုတေသနဆိုင်ရာ ဆွေးနွေးပွဲများကျင်းပမှုတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် မန္တလေးတက္ကသိုလ်ကို ၁၉၂၅ ခုနှစ်မှစ၍ ဥပစာကောလိပ်အနေဖြင့် စတင်ခဲ့ကာ ၁၉၅၈ ခုနှစ်တွင် တက္ကသိုလ်အဖြစ် ဖွင့်လှစ်ခဲ့သည်ဟု သိရပါကြောင်း၊ ယခုဆိုလျှင် ၈၅ နှစ်ကျော် သက်တမ်းရှိ တက္ကသိုလ်ကြီး ဖြစ်နေပါကြောင်း။

မန္တလေးတက္ကသိုလ်ကြီးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ ဆုံစည်းရာ၊ ပညာရည်နို့သောက်စို့ရာ နေရာဟုလည်း ဆိုနိုင်ပါကြောင်း၊ ဤမန္တလေးတက္ကသိုလ်ကြီးသည် ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ်ပေါင်းစုံ သင်ကြားပို့ချမှုဖြင့် တိုင်းပြည်၏ အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် ထောင်သောင်းများစွာ မွေးထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံကို ထူထောင်ရာတွင် (Only Education Can Lead) ပညာတတ် လူ့အဖွဲ့အစည်းရှိမှ ဖွံ့ဖြိုးမှုသာလျှင် ထူထောင်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်က ငွေကြေးအမြောက်အမြား ကျခံသုံးစွဲ၍ တက္ကသိုလ်များ၊ ကောလိပ်များ၊ သင်တန်းကျောင်းများကို မြောက်မြားစွာ တည်ဆောက်ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

ကြည့်ရှုအားပေး

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မန္တလေးတက္ကသိုလ် ပင်မစာသင်ဆောင်၌ ခင်းကျင်းပြသထားသည့် တက္ကသိုလ်ရှိ သုတေသနလုပ်ငန်းများ ဆောင်ရွက်ထားမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)